# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၆၈)


## အမျိုးသားညီလာခံ စုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ

# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ





ရန်ကုန် ဒီဇင်ဘာ ၆

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကိုယ်စားလှယ်သုံးဦးတို့က ဖတ်ကြားတင်ပြကြသည်။

**တက်ရောက်**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် *စာမျက်နှာ ၃ ကော်လံ ၁* ■





အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

## အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသော အကြံပြုချက်စာတမ်းများ ဆက်လက်ဖော်ပြမည်

ရန်ကုန် ဒီဇင်ဘာ ၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်က ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများ အခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံ ရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြသည့် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းနှင့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလ ဆိုင်ရာပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသား ညီလာခံစုံညီအစည်းအဝေးသို့တင်ပြသည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

# အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်သစ်နှင့် လျော်ညီစွာ နိုင်ငံ့ဝန်ထမ်းအသီးသီး၏ အရည်အသွေး၊ ကျင့်ဝတ်ကျင့်စဉ်၊ စိတ်ဓာတ်နှင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမှန်ကန် နည်းစနစ်ကျရေးအတွက်လည်း အလေးထား ဖော်ဆောင်နေသည်။

ပညာရေးကဏ္ဍတွင် အနာဂတ်ကို မျှော်မှန်းသည့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုများ၊ ပညာရေးစနစ်သစ်နှင့် ဆီလျော်ညီညွတ်သည့် အရည်အသွေး၊ စီမံခန့်ခွဲမှု အရည်အချင်းနှင့် စိတ်ဓာတ်ရေးရာအခြေခံကောင်းများ ပြည့်စုံလာစေရေးအတွက် ဆရာ၊ ဆရာမများကို စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

တစ်နိုင်ငံလုံး၌ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာသင်ယူမှု အခွင့်အလမ်းများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများ ရရှိနေချိန်တွင် ဆရာ၊ဆရာမများအနေဖြင့် စာသင်ကျောင်းများနှင့် လူ့ဘောင်အဖွဲ့အစည်း အပြန်အလှန်ဆက်စပ် အကျိုးပြုစေရေး၊ ဆရာနှင့်တပည့်၊ ဆရာနှင့်မိဘပြည်သူ ဆက်ဆံရေးတို့တွင် ဆရာ့ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်စွာဆက်ဆံကြရေး အလေးထားကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ ပညာရေးမျှော်မှန်းချက်သည် ကျောင်းပရဝဏ်ကို ကျော်ထွက်လာနေပြီဖြစ်ရာ ဆရာ၊ဆရာမများက တပည့်ကျောင်းသူ၊ကျောင်းသားများအား ပတ်ဝန်းကျင်လူမှုအဖွဲ့အစည်းအကျိုးအတွက် အထောက်အကူပြုရေး၊ နိုင်ငံတော်သစ်နှင့် ထိုက်တန်သည့် နိုင်ငံ့သားကောင်းအရည်အသွေး၊ ပညာရပ်ဆိုင်ရာ စွမ်းအားနှင့် နိုင်ငံကြီးသားစိတ်ဓာတ်များ ပြည့်စုံစေရေး လေ့ကျင့်သင်ကြားပေးကြရန် လိုပေသည်။

အမျိုးသားပညာရည် မြင့်မားရေးဖော်ဆောင်ရာတွင် တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းပေါင်း လေးသောင်းငါးရာကျော်၌ ဆရာ၊ဆရာမ နှစ်သိန်းငါးသောင်းကျော်တို့က ကျောင်းသူ၊ကျောင်းသား ခုနစ်သန်းနှစ်သိန်း ကျော်တို့အား ပညာသင်ကြားပေးလျက်ရှိသည်။

ဆရာ၊ ဆရာမများအနေဖြင့် မွန်မြတ်သည့် စေတနာ၊ မေတ္တာအပြည့်အဝထား၍ တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များအား နိုင်ငံ့သားကောင်းသမီးမွန်များ ဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင် သင်ကြားပေးခြင်းဖြင့် နိုင်ငံတော်သစ်ကို တည်ဆောက်မည့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာမည် ဖြစ်ပေသည်။ ။


## PERFECT IMAGE TRADING CO., LTD.

ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် ကျွန်တော်များ Perfect Image Trading Co., Ltd.မှ ပြည်တွင်း၌ပင် တပ်ဆင်ထုတ်လုပ်ထားသော အရည်အသွေးမြင့် အာမခံချက်အပြည့်ပေးသော PIအမှတ်တံဆိပ် Laser Printer သုံး Toner Cartridge အမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလျက်ရှိပါသည်။

| အမျိုးအစား | ဈေးနှုန်း |
|---|---|
| PI-5L/6L, LBP-640/660 | 32000 |
| PI-1100/1100A, LBP-810/1120 | 32000 |
| PI-1200, LBP-1210 | 34000 |
| PI-1300 | 35000 |
| PI-1010/1020, LBP-303 | 43000 |
| PI-1320 | 45000 |
| PI-5P,PI-4L,PI-2200,PI-4100, A3 Toner Cartridge and many more | Please Call |

**Toner Refill Service**

| Model | ဆိုင်ဖြည့်ဈေး | လူကြီးမင်းတို့၏ ဆိုင်/ရုံးအရောက် (ရန်ကုန်မြို့တွင်း) |
|---|---|---|
| 5L/6L/1100/1200 1300/1010/1020/1320 | 5000 | 6000 |

**Printer Service**

Printerအမျိုးမျိုးကို ကျွမ်းကျင်ပညာရှင်များဖြင့် စိတ်တိုင်းကျ အကောင်းဆုံးဖြစ်အောင် ပြုပြင်ပေးနေပါသည်။

**ရန်ကုန်မြို့** Perfect Image Trading Co., Ltd.
အမှတ်-၆၅၊ ၅-လမ်း၊ လမ်းမတော်မြို့နယ်။
Tel: 95-1-223888, 09-500-6328, 09-500-1464,
e-mail: perfectimage@mptmail.net.mm

**ပျဉ်းမနားမြို့အရောင်းကိုယ်စားလှယ်**

လေဆာကွန်ပျူတာ

အမှတ်-၈/၂၄၇၊ ဗိုလ်တောက်ထိန်လမ်း၊ ရန်နောင်ရပ်ကွက်၊ ရှမ်းကန်မြောက်ပိုင်း၊ ပျဉ်းမနားမြို့။





## အိုပက်ရေနံထုတ်လုပ်မှု ထပ်မံလျှော့ချဖွယ်ရှိ

**အဘူဂျာ ဒီဇင်ဘာ ၆**

နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တော်တွင် ဒီဇင်ဘာ ၁၄ ရက်က ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်) အစည်းအဝေးတွင် ရေနံထုတ်လုပ်မှု ထပ်မံလျှော့ချဖွယ်ရှိကြောင်း လက်ရှိအိုပက်ဥက္ကဋ္ဌနှင့် နိုင်ဂျီးရီးယားရေနံဝန်ကြီး အက်ဒမန် ဒေါကိုဂူက ပြောကြားသည်။

လျှော့ချထုတ်လုပ်မှုပမာဏမှာမူ အခြေအနေအရပ်ရပ်ပေါ်တွင် မူတည်ကြောင်း အက်ဒမန် ဒေါကိုဂူက သတင်းထောက်များအား ပြောကြားလိုက်သည်။

### လျှော့ထုတ်မည့်အလားအလာ

အိုပက်က ဒီဇင်ဘာလအလယ်တွင် ရေနံလျှော့ထုတ်မည့်အလားအလာ အမေရိကန်နိုင်ငံနှင့် ရာသီဥတု အအေးပိုမည့် အခြေအနေတို့အရ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းမှာ ဒီဇင်ဘာ ၅ ရက်က တစ်စည်လျှင် ၆၁ ဒေါ်လာအထက်သို့ တက်သွားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နျူကလီးယားအစီအစဉ်များ ပူးတွဲဆောင်ရွက်ရေး တောင်ကိုရီးယားနှင့်အင်ဒိုနီးရှား သမ္မတများ သဘောတူညီ

ဂျကာတာ ဒီဇင်ဘာ ၆

**အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား နှစ်နိုင်ငံမှ သမ္မတများအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဒီဇင်ဘာ ၄ ရက်က တွေ့ဆုံကာ ငြိမ်းချမ်းရေးအတွက် နျူကလီးယားအစီအစဉ်များကို ပူးတွဲဆောင်ရွက်ကြရေး ပဏာမ သဘောတူညီချက်တစ်ရပ် ရရှိခဲ့ကြသည်။**

တောင်ကိုရီးယားသမ္မတ နိုမူဟွန်းနှင့် တွေ့ဆုံစဉ် ငြိမ်းချမ်းရေးအတွက်သာ နျူကလီးယားသုံးစွဲရန် မိမိတို့ဆုံးဖြတ်ထားကြောင်း၊ ထို့ကြောင့်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတဆူဆီလိုဘန်ဘန်းယူဒိုယိုနိုက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားအလယ်ပိုင်းတွင် ပထမဆုံး နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကိုတည်ဆောက်ရေး အင်ဒိုနီးရှားအစိုးရ၏ အစီအစဉ်နှင့်ပတ်သက်၍ တောင်ကိုရီးယားသမ္မတနှင့် တွေ့ဆုံဆွေးနွေးမှုကို ၎င်းက ပြောကြားခြင်းမရှိချေ။ အင်ဒိုနီးရှားသမ္မတသည် ပြီးခဲ့သည့် နှစ်က တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံသို့ အလည်အပတ်ခရီးသွားရောက်ခဲ့သည်။

### တွေ့ဆုံဆွေးနွေး

ထို့အပြင် တောင်ကိုရီးယားသမ္မတနှင့် တွေ့ဆုံဆွေးနွေးစဉ် ရင်းနှီးမြှုပ်နှံမှုနှင့် အခြားသော နယ်ပယ်အများအပြားတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန်သဘောတူညီခဲ့ကြသည်ဟု အင်ဒိုနီးရှားသမ္မတက ပြောကြားသည်။

### ရင်းနှီးမြှုပ်နှံ

အင်ဒိုနီးရှားနိုင်ငံတွင် တောင်ကိုရီးယားနိုင်ငံမှ ကုမ္ပဏီနှင့် လုပ်ငန်းပေါင်း ၁၁၀၀ ခန့် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိရာ ပြည်တွင်း၌ အလုပ်အကိုင် ခြောက်သိန်းခန့် ရရှိခဲ့ကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုပမာဏသည် လွန်ခဲ့သော သုံးနှစ်ကထက် နှစ်ဆ တိုးတက်လာခဲ့ကြောင်းလည်း ၎င်းကပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မုန်တိုင်းဒဏ်ခံရသော ဖိလစ်ပိုင်ပြည်သူများအတွက် ကနေဒါက ဒေါ်လာကိုးသိန်း ထောက်ပံ့မည်

**မနီလာ ဒီဇင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံတွင် မကြာမီက တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ဘေးဒုက္ခခံစားခဲ့ရသော ပြည်သူများအတွက် အမေရိကန်ဒေါ်လာကိုးသိန်းကို ကနေဒါနိုင်ငံက ထောက်ပံ့ပေးမည်ဖြစ်ကြောင်း မနီလာရှိ ကနေဒါသံရုံးက ဒီဇင်ဘာ ၃ ရက်၌ ပြောကြားလိုက်သည်။

### ထောက်ပံ့

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိုက်ဖွန်းမုန်တိုင်းတိုက်ခတ်သွားမှုကြောင့် မိမိတို့နိုင်ငံက ထောက်ပံ့ငွေများ ပေးမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီး ပီတာမက်ကေးကလည်း ပြောကြားသည်။

### ဆောင်ရွက်သွားမည်

ထိုသို့ ကူညီရာတွင် အရေးပေါ် အကူအညီအဖြစ် ထောက်ပံ့ပေးခြင်းဖြစ်ပြီး မုန်တိုင်းဒဏ်ခံရသော ပြည်သူများထံ အမြန်ဆုံးရောက်ရှိအောင်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မကြာမီက မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် အနည်းဆုံး လူ ၄၀၀ ခန့် သေဆုံးခဲ့ရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**တရုတ်နိုင်ငံ အင်ဟွေးပြည်နယ်ရှိ အမျိုးသမီးနှင့်ကလေးများ ပြုစုရေးဆေးရုံ၌ တရုတ်အမျိုးသမီးတစ်ဦး မွေးဖွားခဲ့သည့် လေးမြွှာပူး ကလေးငယ်များအား ဒီဇင်ဘာ ၅ ရက်က တွေ့ရစဉ်။** (အဆိုပါ ကလေးငယ်များသည် ယောက်ျားလေးနှစ်ဦး၊ မိန်းကလေးနှစ်ဦးဖြစ်ကြောင်းသိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**





**အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။**

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် "ဝ"အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အထူးဒေသ(၄)၊ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)၊ရှမ်းပြည်နယ် (တောင်ပိုင်း)အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး(DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့်သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်နိုင်စိုက်ချမ်း အဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ် ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ တောင်သူ လယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်နှင့် အခြားဖိတ်ကြား သင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာ မနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူးဦးအောင်ကြည်က ဆောင်ရွက်သည်။

### စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ ရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၃ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ၄၃ ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တင်ပြသည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာနမှ ဦးဆန်းထွန်းက ရွေးကောက် တင်မြှောက်ခြင်းအခန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဒေါ်စန်းမြင့်က နိုင်ငံရေးပါတီများ အခန်းနှင့် စပ်လျဉ်း၍လည်းကောင်း ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၉ နာရီ၄၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို နံနက် ၁၀နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တင်ပြသည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဆက်လက် ဖတ်ကြားတင်ပြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးအောင်ကြည်သိန်းက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းကို ဖတ်ကြားတင်ပြသည်။

**(နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဆက်လက်ဖော်ပြသွားပါမည်။)**

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက်၁၀နာရီ မိနစ် ၄၀တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

## အထူးတရားပွဲများကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ကလေးမြို့ စကားလှဆရာတော် ဦးဓမ္မပါလနှင့် ကလေးမြို့၊ မင်းကင်းမြို့နှင့် တမူးမြို့များမှ ဒါယကာ ဒါယိကာမများ၏ပင့်လျှောက်ချက်အရ စစ်ကိုင်းသီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရသည် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရာဇဂြိုဟ်ကျေးရွာ၌ ဆွမ်းဆန်တော်ရေစက်ချပွဲကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ရက်များ၌ တမူးမြို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၅ရက်တွင် မင်းကင်းမြို့၌လည်းကောင်း၊ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ရက်များ၌ ကလေးမြို့တွင်လည်းကောင်း ညအထူးတရားပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျောက်ကုန်းသုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ သိမ်၊ ဓမ္မာရုံတော်နှင့် ဓာတ်လှေကား ရေစက်ချအလှူမင်္ဂလာကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

သဒ္ဓမ္မရံသီရိပ်သာများ၏ ပဓာနနာယကဆရာတော်ကြီး မဟာစည် ဦးသျှောင်သြဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသအား အလှူရှင်ကျောင်းအမကြီး ဒေါ်မြင့်ကြည်(ခ)ဒေါ်စုစု မတည်ထူထောင်လှူဒါန်းခဲ့သော ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်း သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာအတွင်း ဆောက်လုပ်ပြီးစီးသော သိမ်၊ ဓမ္မာရုံတော်၊ ဓာတ်လှေကားလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအလှူတော်မင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင်ကျင်းပမည်ဖြစ်ရာ အလှူရှင်အပေါင်းတို့ ကြွရောက်ကြည်ညိုသဒ္ဓါတရားပွားများနိုင်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပန်းတိုင်

❖ ဝေဖန်မှုအထွေထွေ မျှော်ထောက်တွေးပါလို့
အခြေခံဥပဒေပေါ်ပေါက်ရေးကိုလ
မနှောင့်နှေးလေနဲ့ ရည်မျှော်အစဉ်။
တိုင်းရင်းသား၊ ရိုင်းပင်းအား၊ တံတိုင်းအဆင်းအလားပမာပ့ါ
ပြည်တော်တစ်ခွင်။

❖ ညောင်နှစ်ပင် သာဖွယ်စခန်းဆီ၌
အခေါင်တံခွန် မြန်မာနယ်တစ်ဝန်းဆီက
ကမ္ဘာဝယ်လွှမ်းအောင် အားအင်အပြည့်ဖြင့်
ပမာသွယ်ညွှန်းရလျှင် အလားခြင်္သေ့လိုပ့ါ
အသွင်ဓလေ့မြန်မာဆန်ဆန်ဖြင့်
မြန်မာဟန်ပန် မြန်မာနည်းတွေနဲ့
မြန်မကြာခရီးရယ်က ဒီမိုကရေစီအသွင်
မှန်စွာနီးပြီပ့ါ
သဏ္ဌာန်ပမာမှီးရလျှင်ဖြင့်
ဟောဒီမြန်မာပြည်ကြီးမှာလ
ညီအစ်ကိုတွေပင်။

❖ မြန်မာတွေလုပ်သမျှ အခင်းကိုလ
ကြုံကာလေ အပုပ်ချသတင်းတွေနဲ့
ယုတ်စွအခင်း တွေးပူတဲ့သဘောနှယ်သို့
မဟုတ်က ဟုတ်ကအတင်း ဘေးလူတွေပြောသော်လည်း
အရေးယူလျှင်မောမယ် မကြားချင်ပြုကြပါတော့
အားအင်စုကာ ညီအစ်ကိုအသိတွေနဲ့
မခြားပင်ယခုအခါ အရှည်ကိုကြည့်ပါမှ
အပိုအလိုညှိပါ မခွဲစိတ်ချင်ကြပါနဲ့
အလိုပြည့်ပါလိမ့်မယ်ပ့ါ သည်းစိတ်ဘဝင်
အမြိုနိမိတ်ထင်လာပုံက ညီအောင်စုစည်း။
တွဲချိတ်ကာပင်
တကတည်း အတိတ်အစဉ်လာဂုဏ်က ပြည်ထောင်စုကြီး။

❖ အောင်စည်တီးကာ အောင်လံလွှင့်ပါလို့
နောင်အရှည်ခရီးမှာ အခေါင်ယံတင့်ပေလိမ့်
အမှောင်အမှန်လွင့်ကာ နေခြည်သာပေ့ါ
ရွှေညီလာ တုဖက်ကင်းပါဘိသနဲ့
ယခုချက်ချင်း အပြီးသဘောမလွယ်ပါမှ
အစုအဖွဲ့ချင်း နီးနှောဖလှယ်လို့
ခရီးတစ်ကြော်ဝယ် စခန်းမြိုင်မြိုင်တည်းကာပ့ါ
ပျံ့လိုင်လိုင် ရန့်ကြိုင်လို့မငြီးနိုင်ဘု
လန်းပိုင်ပိုင် ခံ့ခိုင်စွာပြီးပါတော့မယ်ဗျာ
(အိုကွယ်) ပန်းတိုင်ကနီး။ ။

(အမျိုးသားညီလာခံကို ဂုဏ်ပြုလျက်–)

**ဘကြီးမိုး**

# ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့၌ အသက်(၁၈)နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်




ရန်ကုန် ဒီဇင်ဘာ ၆

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ၄ရက်က ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**

သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစုအဖွဲ့အသီးသီးမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပြီး တိုင်းကျိုးပြည်ကျိုး ဆတက်ထမ်းပိုးတိုးပြီး ထမ်းရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်း မြောင်းမြမြို့နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးစိုးနိုင်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၃၀ရက်နဲ့ ၃၁ရက်နေ့များမှာ ကျင်းပပြုလုပ်ပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးများမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် ကျွန်တော်တို့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက စေ့စပ်သေချာစွာ လေ့လာဆန်းစစ်၍ အနာဂတ်နိုင်ငံတော်ကြီးရဲ့ အကျိုးကို ရှေးရှုပြီး အပြုသဘောဆောင်တဲ့ အကြံပြုချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရာမှာ စနစ်တကျရှိစေဖို့ အခန်းခေါင်းစဉ်(၁၅)ခုကို ဦးစွာ သတ်မှတ်ပေးခဲ့ပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ အခန်းခေါင်းစဉ်(၁၅)ခုမှာ **"ရွေးကောက်တင်မြှောက်ခြင်း"** အခန်းခေါင်းစဉ် တစ်ခုပါရှိရာ အဲဒီအခန်းနဲ့ စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများကို အောက်ပါအတိုင်း ချမှတ်ထားရှိပါတယ်–

- **(က) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိမည်။**
- **(ခ) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။**

အထက်ပါအခြေခံရမယ့်မူများမှာ ကျယ်ပြန့်တဲ့ သဘောရှိတဲ့အတွက် အဲဒီ အခြေခံရမယ့်မူများအပေါ် မူတည်ပြီး ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက ဆက်လက်ချမှတ်ပေးဖို့ လိုအပ်လျက်ရှိနေပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတိုင်းမှာ နိုင်ငံသားတိုင်းဟာ ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်နဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် တူညီစွာရရှိစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအသီးသီးမှာ ပြဋ္ဌာန်းလေ့ရှိကြပါတယ်။

ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့်ဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားအားလုံးနဲ့ အကျုံးဝင်ပါတယ်။ အဲဒီလို ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားများကို ဥပဒေနဲ့အညီ သတ်မှတ်ရာမှာ ဦးစွာပထမ အသက်ကို သတ်မှတ်ပေးရန် ရှိပါတယ်။ ဒါ့ကြောင့် မိမိတို့နိုင်ငံမှာ အသက်(၁၈)နှစ်ပြည့်ပြီး ဥပဒေနဲ့ ညီညွတ်သူတိုင်းကို ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးများပေးခဲ့တဲ့ အစဉ်အလာနဲ့အညီ နောင်တွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်နဲ့ စပ်လျဉ်းပြီး–

> **"ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်၌ အသက်(၁၈)နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်း ပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲ ပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"**

လို့ အသေးစိတ် အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကချမှတ်ပြီးတဲ့ အသေးစိတ် အခြေခံရမယ့်မူများအရ အောက်ပါလွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ဖို့ရှိမှာဖြစ်ပါတယ်–

- (က) ပြည်သူ့လွှတ်တော်
- (ခ) အမျိုးသားလွှတ်တော်
- (ဂ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်

ဖော်ပြပါ လွှတ်တော်များအနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာမှာ ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒရှင်တစ်ဦးဟာ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသင့်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ရွေးကောက်တင်မြှောက်ဖို့ရှိရာ ဥပဒေနဲ့ညီညွတ်တဲ့ မဲဆန္ဒရှင်များသည် မြို့နယ်အလိုက် ရွေးကောက်တင်မြှောက်



**ဓာတ်ပုံ- တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို မြောင်းမြမြို့နယ်မှ ဦးစိုးနိုင် ဖတ်ကြား တင်ပြစဉ်။** (သတင်းစဉ်)

ဖို့ရှိတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်နိုင်ကြမှာဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရရှိပြီးတဲ့ တိုင်းရင်းသား လူမျိုးများမှအပ သတ်မှတ်ချက်နဲ့ ညီညွတ်တဲ့ ကျန်တိုင်းရင်းသားလူမျိုးများဟာ အဲဒီလွှတ်တော်များအတွက် မိမိတို့ကို ကိုယ်စားပြုမယ့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်ကိုလည်း ရွေးကောက်တင်မြှောက်နိုင်တဲ့ အခွင့်အရေး ရရှိကြမှာဖြစ်ပါတယ်။

ဒါ့ကြောင့် လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းပြီး–

- **"(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။**
- **(ခ) ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"**

လို့အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မိမိတို့နိုင်ငံတွင်လည်း စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖို့ရှိရာ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာမှာ လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကိုသာ ကျင့်သုံးသင့်ပါတယ်။ ဒါ့ကြောင့် **"လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်"**လို့အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ဆန္ဒမဲပေးပိုင်ခွင့် မပြုသင့်သူများနှင့် စပ်လျဉ်းပြီး–

**"အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ–**

- **(က) သာသနာ့ဝန်ထမ်းများ၊**
- **(ခ) ထောင်ဒဏ်ကျခံနေရသူများ၊**
- **(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊**
- **(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူများ၊**
- **(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများ"**

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ ကိုယ်စားလှယ်လောင်းများသည် မိမိတို့ ရွေးကောက်ခံရရေးအတွက် မဲဆန္ဒနယ် တစ်နယ်ထက်ကျော်လွန်၍ ထပ်မံယှဉ်ပြိုင်ခြင်းမျိုး မပြုလုပ်သင့်ဘဲ သက်ဆိုင်ရာ မဲဆန္ဒရှင်များ အကျိုးကို သယ်ပိုးနိုင်ရန် မူလက ရည်ရွယ်ဦးတည်ထားတဲ့ မဲဆန္ဒနယ် တစ်နယ်တွင်သာ ပါဝင်ယှဉ်ပြိုင်သင့်ပါတယ်။

စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ ပြည်သူ့ကိုယ်စားလှယ်လောင်း တစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင် မဲဆန္ဒနယ် တစ်နယ်၌ လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်ပြုသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့ကြောင့်–

**"လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင်–**

- **(က) လွှတ်တော် တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်၊**
- **(ခ) မဲဆန္ဒနယ် တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်"**

လို့အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံအခန်းအတွက် ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများတွင် ပြည်ထောင်စုနယ်မြေများ သတ်မှတ်ခြင်းနဲ့စပ်လျဉ်းပြီး မူများချမှတ်ထားခဲ့ပါတယ်။ ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်သွားမှာဖြစ်ပြီး ပြည်ထောင်စုနယ်မြေများအတွက် လိုအပ်တဲ့ဥပဒေများကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အဲဒီပြည်ထောင်စုနယ်မြေများမှာရှိတဲ့ မဲဆန္ဒရှင်များဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မလိုတော့ဘဲ ပြည်ထောင်စုလွှတ်တော်မှာပါရှိတဲ့ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များကိုသာ ရွေးကောက် တင်မြှောက်ပေးကြရမှာဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ် သို့မဟုတ် နယ်မြေတစ်ခုခုမှ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ပြီး နောက်ပိုင်းတွင် အဲဒီမြို့နယ် သို့မဟုတ် နယ်မြေတစ်ခုခုကို နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နဲ့စပ်လျဉ်းပြီး ထူးခြားတဲ့အခြေအနေအရ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပြီး ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်တဲ့အခါ အဲဒီနယ်မြေဟာ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်ကို ရောက်ရှိသွားမှာဖြစ်ပါတယ်။

အဲဒီနယ်မြေနဲ့စပ်လျဉ်းပြီး လိုအပ်တဲ့ဥပဒေများကိုလည်း ပြည်ထောင်စုလွှတ်တော်ကသာ ပြဋ္ဌာန်းပေးဖို့ရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် အဲဒီနယ်မြေနဲ့ စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးဖို့ မလိုအပ်တော့တဲ့အတွက် မူလကအဲဒီနယ်မြေမှ ရွေးကောက်တင်မြှောက်လိုက်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဟာ ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေသင့်တော့ပါ။

ဒါ့ကြောင့် ပြည်ထောင်စုနယ်မြေများအတွက် ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းပြီး–

- **"(က) ပြည်ထောင်စုနယ်မြေ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားသော ပြည်ထောင်စုနယ်မြေများအတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ခွင့်ရှိသည်။**
- **(ခ) ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက်တင်မြှောက်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်းမရှိလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိစေရ"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ချမှတ်ထားပြီးဖြစ်တဲ့ ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်းတဲ့ အခြေခံရမယ့်မူမှာ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရရှိစေတဲ့ အခွင့်အရေးများကို သတ်မှတ်ပေးထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အဲဒီအခွင့်အရေးများကို ပြဋ္ဌာန်းထားမှသာ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နဲ့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိကြမှာဖြစ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံသားတိုင်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နဲ့စပ်လျဉ်းပြီး–

> **"ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း အရည်အချင်းပျက်ယွင်းသူမဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဟာ ပြည်သူများအတွက် အားကိုးအားထားရာ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ အကယ်၍ အဲဒီပုဂ္ဂိုလ်ဟာ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခဲ့လျှင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင်သော်လည်းကောင်း၊ အကျင့်သိက္ခာ ပျက်ပြားလျှင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ သတ်မှတ်ထားတဲ့ သက်ဆိုင်ရာ ကိုယ်စားလှယ်နဲ့ပတ်သက်တဲ့ အရည်အချင်း ပျက်ယွင်းလျှင်သော်လည်းကောင်း မဲဆန္ဒရှင်များက မိမိတို့ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ပြုသင့်ပါတယ်။

ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုတဲ့အခါ သက်ဆိုင်ရာမဲဆန္ဒနယ်ရဲ့ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့ပတ်သက်တဲ့ တိုင်တန်းချက်ကို ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြသင့်ပါတယ်။

အဲဒီ တိုင်ကြားချက်ကို လက်ခံရရှိတဲ့အခါ ရွေးကောက်ပွဲကော်မရှင်က ဥပဒေနဲ့အညီ စုံစမ်းစစ်ဆေးသင့်ပါတယ်။ စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးတဲ့အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးသင့်ပါတယ်။

ကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း သဘောရရှိလျှင် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေနဲ့အညီ ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

# ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ ဖြစ်ရမည်

စာမျက်နှာ ၄ မှ

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုတဲ့အခါ ဆောင်ရွက်သင့်တဲ့ နည်းလမ်းများနဲ့ စပ်လျဉ်းပြီး–

**“(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်–**
- **(၁) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊**
- **(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊**
- **(၃) အကျင့်သိက္ခာ ပျက်ပြားခြင်း၊**
- **(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်းပျက်ယွင်းခြင်း၊**
- **(၅) ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊**

**(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။**

**(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်၊**

**(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်၊**

**(င) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးက “ယခုအခါ မိမိတို့ကျင့်သုံးလျက်ရှိတဲ့ မဲဆန္ဒနယ်တစ်နယ်စီမှ ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်တဲ့စနစ်အစား ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက်တင်မြှောက်နိုင်သော မဲဆန္ဒနယ်ကို ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ပြီး ရရှိသည့်ထောက်ခံမဲအပေါ် မူတည်၍ ရွေးကောက်ခံရသည့်ကိုယ်စားလှယ်ကို အချိုးကျသတ်မှတ်ပေးတဲ့စနစ်ကို နိုင်ငံအတော်များများက သုံးစွဲလာကြတာကို လေ့လာတွေ့ရှိရပါတယ်”လို့ ရှင်းလင်းတင်ပြခဲ့ပါတယ်။

ဒီလိုတိုးတက်လာတဲ့ အခြေအနေမျိုးကိုလေ့လာပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်နဲ့အညီ လိုအပ်တဲ့ ဥပဒေများကို ပြဋ္ဌာန်းပေးဖို့ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့် ရွေးကောက်တင်မြှောက်ခြင်း၊ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းတို့နဲ့ စပ်လျဉ်းပြီး–

**“ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမှာဖြစ်လို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အခါအားလျော်စွာ ကျင်းပပေးရမှာဖြစ်လို့ ရွေးကောက်ပွဲလုပ်ငန်းများကို စဉ်ဆက်မပြတ် တာဝန်ယူဆောင်ရွက်နေရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းကြီးကြပ်စေခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နေရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ကို အမြဲတမ်း ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များကိုမူ ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ တာဝန်ပေးအပ်ခြင်းနဲ့စပ်လျဉ်းပြီး တင်ပြရမယ်ဆိုရင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များပါ နည်းလမ်းများအတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံးငါးဦးကို ခန့်အပ်တာဝန်ပေးသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ဖို့ အရည်အချင်းပြည့်ဝသူများ ဖြစ်သင့်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်မယ့် ပုဂ္ဂိုလ်များဟာ အလွန်အရေးကြီးတဲ့ တာဝန်များကို ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အဲဒီပုဂ္ဂိုလ်တွေဟာ လုံခြုံရေးအမြင်၊ နိုင်ငံရေးအမြင်၊ ဥပဒေအမြင်၊ အုပ်ချုပ်ရေးအမြင်ရှိသူများ ဖြစ်သင့်ပါတယ်။ ဒါ့အပြင် သိက္ခာသမာဓိနဲ့ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များလည်း ဖြစ်သင့်ပါတယ်။ အနည်းဆုံးအသက် (၅၀)နှစ်ပြည့်ပြီး အတွေ့အကြုံရှိသူများကို ခန့်အပ်တာဝန်ပေးမယ်ဆိုပါက ဖော်ပြပါ အရည်အချင်းများနဲ့ အနီးစပ်ဆုံး ပြည့်စုံသူများကို ရရှိနိုင်မှာဖြစ်ပါတယ်။

အဲဒီမူများနဲ့အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေကိုလည်း အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူများ ဖြစ်ရမယ်လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအဝဝကို တာဝန်ယူဆောင်ရွက်ပေးရမယ့် ပုဂ္ဂိုလ်များဖြစ်တဲ့အတွက် နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိသူလည်း ဖြစ်ရပါမယ်။ ဒါ့အပြင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာမှာ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲမပါဘဲ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့ နိုင်ငံရေးပါတီဝင် မဟုတ်သူများလည်း ဖြစ်သင့်တဲ့အတွက် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များကို ခန့်အပ်တာဝန်ပေးရာမှာ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများကိုသာ ခန့်အပ်တာဝန်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ မိမိလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှာ ဥပဒေနဲ့အညီ တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်ဖို့ လိုတဲ့အတွက်ကြောင့် ကော်မရှင်တာဝန်မှအပ လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

**“(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်၊ ယင်းသို့ ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် အနည်းဆုံး (၅)ဦးကို ခန့်အပ် တာဝန်ပေးနိုင်သည်။**

**(ခ) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်–**
- **(၁) အသက်(၅၀)နှစ် ပြည့်ပြီးသူဖြစ်ရမည်၊**
- **(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။**
- **(၃) (ကက) ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူရာထူးတာဝန်တစ်ခုခုတွင်ဖြစ်စေ၊ အနည်းဆုံး(၅)နှစ်ဆောင်ရွက်ခဲ့သူဖြစ်ရမည်။(သို့မဟုတ်)**
  - **(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းရာထူးတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည်။(သို့မဟုတ်)**
  - **(ဂဂ) တရားလွှတ်တော်ရှေ့နေ (Advocate) အဖြစ် အနည်းဆုံး(၂၀)နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ (သို့မဟုတ်)**
  - **(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရမည်။**
- **(၄) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူ ဖြစ်ရမည်၊**
- **(၅) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်၊**
- **(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်၊**
- **(၇) နိုင်ငံရေးပါတီဝင် မဟုတ်သူဖြစ်ရမည်၊**
- **(၈) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူဖြစ်ရမည်၊**
- **(၉) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်းမပြုသူ ဖြစ်ရမည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဟာ စစ်မှန်သည့် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အဓိကနေရာက ပါဝင်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ရွေးကောက်ပွဲကော်မရှင်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာတာဝန်များကိုလည်းကောင်း၊ ရွေးကောက်ပွဲ ဥပဒေပါ တာဝန်များကိုလည်းကောင်း ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုလွှတ်တော်က အခါအားလျော်စွာ ပြဋ္ဌာန်းတဲ့ဥပဒေအရ တာဝန်များပေးအပ်လာလို့ရှိရင်လည်း ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။

ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်းလို့ ရွေးကောက်ပွဲ ကော်မရှင်ရဲ့တာဝန်မှာ ထည့်သွင်းဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်များကို သတ်မှတ်ခြင်းနဲ့ စပ်လျဉ်းပြီး–

**“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–**
- **(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊**
- **(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်စေခြင်း၊**
- **(ဂ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊**
- **(ဃ) မဲစာရင်းများ ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊**
- **(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊**
- **(စ) ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီလည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီလည်းကောင်း ထုတ်ပြန်ခြင်း၊**
- **(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲ ခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊**
- **(ဇ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ခြင်း”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းမည့် အဖွဲ့အစည်းများရဲ့ အဖွဲ့ဝင်တစ်ဦးဟာ–
- **(က) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊**
- **(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊**
- **(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊**
- **(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သက်ဆိုင်ရာပုဂ္ဂိုလ်အတွက် သတ်မှတ်ထားသည့် အရည်အချင်း ပျက်ယွင်းခြင်း၊**
- **(င) ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း**

တို့ရှိပါက ယင်းပုဂ္ဂိုလ်ကို စွပ်စွဲပြစ်တင်နိုင်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး–

**“နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ်သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်”**

လို့အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ရာထူးလစ်လပ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခြင်းနဲ့ စပ်လျဉ်းပြီး–

**“(က) ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးတာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်၊**

**(ခ) ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရုပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်အား ခန့်အပ် တာဝန် ပေးနိုင်သည်။**

**(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ တည်ဆဲ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အရည်အချင်းပြည့်ဝတဲ့ အဖွဲ့ဝင်များနဲ့ ဖွဲ့စည်းထားတဲ့ ကော်မရှင်ဟာ ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်း၍ဖြစ်စေ၊ နိုင်ငံရေးပါတီများနဲ့စပ်လျဉ်း၍ဖြစ်စေ အဆုံးအဖြတ်ပြုတဲ့အခါ ဥပဒေများနဲ့အညီ တိကျမှန်ကန်စွာ ဆုံးဖြတ်ပေးနိုင်မယ့် အဖွဲ့အစည်းဖြစ်တဲ့အတွက် ကော်မရှင်ရဲ့ အဆုံးအဖြတ်ဟာ အပြီးအပြတ် အတည်ဖြစ်စေသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များ အပြီးအပြတ် အတည်ဖြစ်စေရေးနဲ့ စပ်လျဉ်းပြီး–

**“အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်–**
- **(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ၊**
- **(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊**
- **(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သောကိစ္စရပ်များ”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း သတ်မှတ်ပေးတဲ့အခါ ထိုပုဂ္ဂိုလ်များရဲ့ အဆင့်အတန်းနဲ့ စပ်လျဉ်းလို့လည်းကောင်း၊ ယင်းတို့ရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနဲ့ စပ်လျဉ်းလို့လည်းကောင်း မှီငြမ်းပြုနိုင်ဖို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ထားသင့်ပါတယ်။

အဲဒီကိစ္စများနဲ့စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ် သတ်မှတ်ခြင်းမပြုဘဲ သီးခြားဥပဒေပြဋ္ဌာန်းတဲ့အခါ ထည့်သွင်းသတ်မှတ်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်

စာမျက်နှာ ၅ မှ

ဒါကြောင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့အဆင့်သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး–

**"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍သတ်မှတ်ရမည်** ဟုလည်းကောင်း၊

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်၊ ကော်မရှင်အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်သည်"**

ဟုလည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အသေးစိတ်အခြေခံရမယ့်မူချမှတ်စဉ်က နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင်သူများ၊ အလုပ်လုပ်ကိုင်သူများနှင့် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် နိုင်ငံခြားသို့သွားရောက်သူများရဲ့ နိုင်ငံခြားမှာနေထိုင်ခဲ့တဲ့ကာလကို ရှင်းလင်းထားခြင်းမရှိပါက နောင်တစ်ချိန်တွင် အငြင်းပွားမှုများ ဖြစ်ပွားနိုင်ဖွယ်ရာရှိပါတယ်။ ယခုအခါ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိတာကြောင့် နိုင်ငံသားအတော်များများဟာ နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့သွားရောက်တာဝန်ထမ်းဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကိုယ်ရေးကိုယ်တာ ကိစ္စဖြင့် သွားရောက်ခြင်းများရှိနေပါတယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့ နိုင်ငံခြားမှာနေထိုင်တဲ့ ကာလကိုလဲ နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် သတ်မှတ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်–

**"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀)နှစ် အခြေချနေထိုင်ခဲ့သူ"**

ဟုချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့်မူအောက်တွင် ခြွင်းချက်အဖြစ်–

**"နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့်ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့်ကာလ အဖြစ် ထည့်သွင်းရေတွက်ရမည်"**

လို့အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီးတော့ နိုင်ငံရေးပါတီများအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏အကြံပြုချက်စာတမ်းကို ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ဦးမန်းအဘီးက ဆက်လက်ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား။**

ကျွန်တော်ကတော့ ကရင်ပြည်နယ် ဘားအံမြို့နယ်က တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးမန်းအဘီး ဖြစ်ပါတယ်။ ဆက်လက်ပြီး နိုင်ငံရေးပါတီများအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အနာဂတ်တွင် တည်ဆောက်မယ့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်မှာ နိုင်ငံရေးပါတီများရဲ့ အခန်းဟာ နိုင်ငံတော်အတွက် အလွန်အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်မှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီ စနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ပါလီမန်ဒီမိုကရေစီစနစ်ဟူ၍သာ အမည်ခံထားသော်လည်း တစ်ပါတီတည်းကသာ ကြီးစိုးလိုမှု၊ နိုင်ငံတော်အကျိုးထက် မိမိအကျိုး၊ ပါတီအကျိုးကိုသာ ရှေ့တန်းတင်မှု၊ အမျိုးသားနိုင်ငံရေးထက် အာဏာနိုင်ငံရေး၊ ပါတီနိုင်ငံရေး အလေးထားမှုတွေ ရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

တစ်ဖန် ၁၉၉၀ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကြီးမှူးဆောင်ရွက်ပေးခဲ့ပါတယ်။ တစ်နိုင်ငံလုံးလူဦးရေက (၄၈)သန်း၊ တိုင်းရင်းသားမျိုးနွယ်စု (၁၃၅)စု ရောနှောစုပေါင်းနေထိုင်တဲ့ ကျွန်တော်တို့ရဲ့နိုင်ငံမှာ ပါတီပေါင်းက (၂၃၅)ပါတီ ပေါ်ထွန်းလာတာတွေ့ရပါတယ်။ တကယ်တမ်းရွေးကောက်ပွဲဝင်တော့ (၉၃) ပါတီရှိပြီး ကိုယ်စားလှယ်ရတဲ့ပါတီက (၂၇)ပါတီရှိခဲ့ပါတယ်။ ယနေ့အချိန်မှာတော့ တရားဝင်ရပ်တည်နေတဲ့ (၁၀)ပါတီရှိပါတယ်။ အဲဒီလောက်ပါတီဦးရေများလွန်းတဲ့နိုင်ငံ ကမ္ဘာမှာရှိမယ် မဟုတ်ပါဘူး။

ပါတီဦးရေ များပြားမှုနဲ့စပ်လျဉ်းပြီး လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် ပထမအချက်အနေနဲ့ လွတ်လပ်ရေးရပြီး နှစ်ပေါင်း(၄၀)ခန့် ကြာမြင့်ခဲ့ပြီးဖြစ်တဲ့ တိုင်းအောင် ပြည်သူတို့ရဲ့ နိုင်ငံရေးအသိအမြင် နိုးကြားပြည့်ဝမှု နည်းပါးနေသေးခြင်းကြောင့်ဖြစ်ပါတယ်။ ဒါဟာလည်း သမိုင်းကြောင်းအနေအထားကြောင့်ဖြစ်ပေါ်လာရတဲ့အကျိုးရလဒ် ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး (၁၄)နှစ်ကျော်ကြာမျှ ပါတီစုံဒီမိုကရေစီစနစ်ကို ထိတွေ့ခဲ့ရပေမယ့် မဲခိုးတဲ့ဒီမိုကရေစီ၊ လေးလောင်းပြိုင်ဒီမိုကရေစီ၊ အမတ်ကိုပင် ပြန်ပေးဆွဲတဲ့ဒီမိုကရေစီ၊ အခြေခံဥပဒေကို စက္ကူစုတ်လုပ်တဲ့ ဒီမိုကရေစီစနစ်အတွင်းမှာ စစ်မှန်တဲ့နိုင်ငံရေးအနှစ်သာရများကို ခံစားနိုင်ခဲ့ကြရခြင်း မရှိပါ။

အဲဒီနောက် တစ်ပါတီစနစ်ကို နှစ်ပေါင်း(၂၆)နှစ်မျှ ဆက်လက်ကျင့်သုံးလာခဲ့တဲ့အတွက် ပါတီစုံဒီမိုကရေစီစနစ်ဟာ ဒဏ္ဍာရီတစ်ခုသဖွယ် ဖြစ်လာခဲ့ပါတယ်။ တစ်ပါတီစနစ်မှာလည်းပဲ ပြည်သူတို့ဟာ နိုင်ငံရေးရေစုန်မျောလိုက်တဲ့ အနေအထားမှာပဲ ရှိပါတယ်။ ယခုတစ်ဖန် ရုတ်တရက် ပါတီစုံစနစ် ပြန်လည်ပေါ်ထွန်းလာတဲ့အခါ ပြည်သူလူထု အထူးသဖြင့် နိုင်ငံရေးနဲ့ပတ်သက်၍ မျိုးဆက်တစ်ခုစာ ကွာဟလစ်ဟာခဲ့ရတဲ့ လူငယ်လူလတ်ပိုင်းများအတွက် နိုင်ငံရေးအသိအမြင် အားနည်းလျက်ရှိပါတယ်။ ကမ္ဘာတစ်ဝန်းမှာ ပြည်သူလူထုရဲ့ နိုင်ငံရေးနိုးကြားမှု မြင့်မားတဲ့နိုင်ငံများမှာ နိုင်ငံရေးပါတီအရေအတွက်နည်းပါးပြီး ဒီမိုကရေစီသက်တမ်း နုနယ်ကာ ပြည်သူလူထုရဲ့ နိုင်ငံရေးနိုးကြားမှု နည်းပါးတဲ့ နိုင်ငံများမှာ ပါတီအရေအတွက် များပြားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာ အမေရိကန်ပြည်ထောင်စုမှာ အဓိက နှစ်ပါတီ၊ အင်္ဂလန်မှာ အဓိက သုံးပါတီရှိပြီး ပိုလန်နိုင်ငံမှာ တစ်ဆယ့်ငါးပါတီ၊ ချက်ကိုဆလိုဗက်မှာ နှစ်ဆယ့်ခုနစ်ပါတီ အသီးသီးရှိကြပါသည်။

**သဘာပတိကြီးခင်ဗျား–**

ဒုတိယအချက်အနေနဲ့ တင်ပြလိုတာကတော့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေရဲ့ အားနည်းချက်၊ အားသာချက်ကြောင့်လည်း နိုင်ငံရေးပါတီ ဖွဲ့စည်းမှုဦးရေ အနည်းအများဖြစ်ပေါ်နိုင်ပါတယ်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေ ရေးဆွဲပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ပါတီစုံအထွေထွေ ရွေးကောက်ပွဲများမှာ နိုင်ငံရေးပါတီငယ်များ မှိုလိုပေါက်နေပါက မဲဆန္ဒရှင်များအနေနှင့် ရွေးရခက်ခြင်း၊ လွှတ်တော်များတွင်လည်း ပါတီအလိုက်မဲများ ပျံ့နှံ့နေသဖြင့် မဲအများစုရရှိရန် ခက်ခဲခြင်းတို့ကြောင့် အစိုးရအဖွဲ့ မတည်ငြိမ်ခြင်းတို့ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် တောင့်တင်းခိုင်မာတဲ့ ပါတီကြီးအနည်းငယ်သာ ရှိစေသင့်တဲ့အတွက် ဖွဲ့စည်းမှုကို ကန့်သတ်ခြင်းပဲဖြစ်ပါတယ်။



**တင်ပြ**

**တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဘားအံမြို့နယ်မှ ဦးမန်းအဘီး ဖတ်ကြား တင်ပြစဉ်။**

(သတင်းစဉ်)

အဲဒီလို ပါတီဖွဲ့စည်းမှုကန့်သတ်ထားရာမှာ တချို့နိုင်ငံများမှာတော့ တစ်နိုင်ငံလုံးမဲဆန္ဒနယ်ရဲ့ ထက်ဝက်ကျော်မှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု၊ ပါတီရဲ့ နိုင်ငံရေးမူဝါဒနှင့်လမ်းစဉ် ကြေညာနိုင်မှု၊ တရားဝင် ပါတီဝင်အင်အားသတ်မှတ်ပေးမှု၊ ပါတီရန်ပုံငွေ ရရှိသုံးစွဲတဲ့နည်းလမ်းများ ပြဋ္ဌာန်းနိုင်မှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီဝင်အင်အား စစ်ဆေးခြင်းကို လက်ခံနိုင်မှုများနဲ့ ဥပဒေပြဋ္ဌာန်း ကန့်သတ်ထားသင့်ပါတယ်။

ဒ့ါအပြင် နိုင်ငံရေးပါတီများအနေနဲ့ မိမိပါတီရဲ့ အကျိုးစီးပွားထက် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးကို ဦးစားပေးတဲ့ ပါတီများဖြစ်သင့်ပါတယ်။ နိုင်ငံတော်နဲ့နိုင်ငံသားများ အကျိုးရှိမည်ဆိုပါက မိမိပါတီ အာဏာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အတိုက်အခံပါတီများနဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့၊ သဘောထားပြည့်ဝတဲ့ နိုင်ငံရေးပါတီများဖြစ်သင့်ပါတယ်။ အလားတူ အာဏာရနိုင်ငံရေးပါတီကလည်း ပြိုင်ဘက်နိုင်ငံရေးပါတီများအပေါ် အနိုင်အထက်ပြုခြင်း၊ တစ်ပါတီအာဏာရှင်ဆန်ဆန် ပြုမူခြင်းတို့မှ ရှောင်ရှားစေသင့်ပါတယ်။ ဒ့ါကြောင့် အတိတ်သမိုင်းမှာ ကြုံတွေ့ခဲ့ရတဲ့ဖြစ်ရပ်များကို သင်ခန်းစာယူပြီး အနာဂတ်နိုင်ငံတော်အတွက် လျော်ကန်သင့်မြတ်တဲ့ အခြေခံမူများကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းပေးထားရမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် နိုင်ငံရေးပါတီများအခန်းနဲ့ပတ်သက်ပြီး နိုင်ငံရေးပါတီများရဲ့ ဦးထိပ်ပန်ဆင်ရမယ့် အမျိုးသားရေးတာဝန်များ၊ လိုက်နာရမယ့် သတ်မှတ်ချက်များ၊ စည်းရုံးခွင့်၊ ပါဝင်ယှဉ်ပြိုင်ခွင့်များ၊ ရပ်တည်ပိုင်ခွင့်ရှိ၊ မရှိ ကိစ္စရပ်များ၊ ဥပဒေပြဋ္ဌာန်းခြင်းကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး–

**"၁။ နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်။**

**၂။ နိုင်ငံရေးပါတီတစ်ရပ်သည်–**

**(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်။**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်။**

**(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်။**

**၃။ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ–**

**(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်။**

**(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။**

**၄။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ–**

**(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊**

**(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊**

**(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊**

**(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း။**

**၅။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အပိုဒ်၄၊ အပိုဒ်ခွဲ (က)၊ (ခ)၊(ဂ) သို့မဟုတ် (ဃ)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့်ပေးနိုင်သောအဖွဲ့အစည်းကတွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်။**

**၆။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းကို ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်မှ ဦးဟောင်းဂျုံးက တင်ပြမှာဖြစ်ကြောင်း ပြောကြားရင်း ကျွန်တော်၏တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ကျွန်တော်ကတော့ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်က တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးဟောင်းဂျုံး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဆက်လက် ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အုပ်ချုပ်ရေး ယန္တရားကြီး ပုံမှန်လည်ပတ်နိုင်စွမ်းမရှိလောက်အောင် အခြေအနေမျိုး ပေါ်ပေါက်လာပြီဆိုရင် အချိန်မီထိန်းသိမ်းနိုင်ရန် နိုင်ငံတော် သမ္မတဟာ အရေးပေါ် အခြေအနေကြေညာပေးဖို့ လိုအပ်ပါတယ်။ နိုင်ငံတော် သမ္မတက မိမိတစ်ဦးတည်းရဲ့ သဘောနဲ့ ဆုံးဖြတ်တာထက် သက်ဆိုင်ရာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းတစ်ရပ်ရပ် (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ တိုင်ပင်ညှိနှိုင်းပြီးမှ ကြေညာခြင်းဟာ နိုင်ငံအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ဒါကြောင့်–

**"၁။ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်း မရှိကြောင်းသိရှိလျှင် နိုင်ငံတော် သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုလျော့ရဲလာတာနဲ့အမျှ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး ပျက်ပြားလာမှာဖြစ်ပါတယ်၊ ဒီလို အခြေအနေမျိုးဖြစ်လာရင် နိုင်ငံတော်သမ္မတဟာ အဲဒီနယ်မြေဒေသရဲ့ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲပြီး အုပ်ချုပ်ရေးလုပ်ငန်းများ ပုံမှန်အနေအထား ဖြစ်အောင် နိုင်ငံတော်သမ္မတရဲ့ကိုယ်စား ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာ နယ်မြေဒေသအလိုက် သင့်လျော်တဲ့ပုဂ္ဂိုလ်များပါဝင်တဲ့ အဖွဲ့အစည်းတစ်ရပ်ရပ် ဖွဲ့စည်းလို့ဖြစ်စေ၊ သင့်လျော်တဲ့ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အဲဒီလုပ်ပိုင်ခွင့်တွေ အပ်နှင်းဆောင်ရွက်စေရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အရေးပေါ်အခြေအနေ ကြေညာထားတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရဲ့ အုပ်ချုပ်ရေးအာဏာနဲ့ ဥပဒေပြုရေးအာဏာတို့ကို သုံးစွဲဆောင်ရွက်ခြင်းနဲ့ စပ်လျဉ်းပြီး–

**"၂။ အပိုဒ် ၁ အရ အရေးပေါ်အခြေအနေ ကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–**

**(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၏ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲခွင့်ရှိသည်။ ထို့အပြင် ယင်းအုပ်ချုပ်ရေးအာဏာကို သင့်လျော်သည့် အဖွဲ့အစည်းတစ်ရပ်ရပ် ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အပ်နှင်းဆောင်ရွက်စေနိုင်သည်၊**

**(ခ) ယင်းသို့ ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများက ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များအနက် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် ဥပဒေပြုခွင့်အာဏာကိုပါ ကျင့်သုံးခွင့်ရှိသည်၊ သို့ရာတွင် ဥပဒေပြုခွင့်အာဏာကိုမူ မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်ကိုမျှ အပ်နှင်းဆောင်ရွက်စေခြင်း မပြုရ။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အုပ်ချုပ်ရေးလျော့ရဲမှုကို အခွင့်ကောင်းယူပြီး ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို လုယက်ဖျက်ဆီးမှုတွေ ပြုလာတတ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို ကြေညာရပါတယ်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ စုံညီစွာမတက်ရောက်နိုင်တဲ့အခါ ယင်းအဖွဲ့ဝင်များ ဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရေးပေါ်အခြေအနေကြေညာထားစဉ်ကာလအတွင်း လိုအပ်သည့်နယ်မြေဒေသတွင် နိုင်ငံသားများ၏မူလအခွင့်အရေးတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလိုကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်

စာမျက်နှာ ၆ မှ

ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် ညှိနှိုင်း၍ အရေးပေါ် အခြေအနေကို ကြေညာရမှာဖြစ်ပါတယ်။ ဒါကြောင့်–

**“၃။ (က) တိုင်းဒေသကြီး တစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ၊ ပြည်သူများ၏အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ် အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ထိုသို့ ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းရှိကြောင်း သိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်ပြီး အရေးပေါ် အခြေအနေ ကြေညာနိုင်သည်။**

**(ခ) အထက်အပိုဒ်ခွဲ (က) အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းရာတွင် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့်ညှိနှိုင်းပြီး အရေးပေါ် အခြေအနေကို အချိန်မီ ထုတ်ပြန်ကြေညာနိုင်သည်။ ယင်းသို့ ထုတ်ပြန်ကြေညာချက်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီသို့ အမြန်ဆုံးတင်ပြ အတည်ပြုချက် ရယူရမည်။”**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတစ်နိုင်ငံမှာ ဘေးအန္တရာယ်တစ်စုံတစ်ရာ ကျရောက်လာရင် တပ်မတော်ရဲ့ အကူအညီကို ရယူဆောင်ရွက်ကြရတဲ့ သာဓကတွေ အများအပြားရှိပါတယ်။ နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေကြေညာပြီး လုပ်ငန်းဆောင်ရွက်မှုတွေဟာ ထိရောက်မှုမရှိ ဖြစ်နေလျှင် စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ် ထုတ်ပြန်ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့်

**“၄။ အပိုဒ်(၃)အရ အရေးပေါ်အခြေအနေ ကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–**

**(က) အရေးပေါ် အခြေအနေကြေညာချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များ၊ နယ်ဘက်ဆိုင်ရာ ဝန်ထမ်း အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များက တည်ဆဲဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှု ရှိစေရန် တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက်နိုင်သည်။**

**(ခ) လိုအပ်ပါက စစ်အုပ်ချုပ်ရေး အမိန့်တစ်ရပ် ထုတ်ပြန်နိုင်သည်။ ယင်းစစ်အုပ်ချုပ်ရေးအမိန့်တွင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် တရားစီရင်ရေး ဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင် တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတက ထုတ်ပြန်တဲ့ အရေးပေါ်ကြေညာချက်ဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်တွေ အကျိုးသက်ရောက်မယ့် နယ်မြေဒေသနဲ့ အချိန်ကာလတို့ကို တိတိကျကျ သတ်မှတ်ပေးရန် လိုအပ်ပါတယ်။ ယင်းကာလသည် နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ပြန်လည်ထိန်းသိမ်းနိုင်အောင် ကြိုးပမ်းနေတဲ့ကာလဖြစ်လို့ လူဆိုး၊ လူကောင်း ခွဲခြားရန် ခက်ခဲတဲ့အတွက် နိုင်ငံသားများ ခံစားခွင့်ရှိနေတဲ့ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်ထားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်

**“၅။ နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ထုတ်ပြန်၍ အရေးပေါ် အခြေအနေကြေညာသည့်အခါ–**

**(က) ယင်းအမိန့်တွင် အရေးပေါ် အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်။**

**(ခ) လိုအပ်ပါက အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။”**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတအနေနဲ့ မိမိထုတ်ပြန်ခဲ့တဲ့ အရေးပေါ်အခြေအနေ ကြေညာခြင်းဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ကို အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြ အတည်ပြုချက်ရယူသင့်သလို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပချိန် မဟုတ်ရင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပစေပြီး အဲဒီအစည်းအဝေးမှာ နိုင်ငံတော်သမ္မတက တင်ပြ အတည်ပြုချက် ရယူဖို့လိုအပ်ပါတယ်။ ဒါကြောင့်–



ဖတ်ကြား

တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဝိုင်းမော်မြို့နယ်မှ ဦး ဟောင်း ဂျုံး ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

**“၆။ နိုင်ငံတော်သမ္မတသည် အရေးပေါ်အခြေအနေကြေညာ၍ အပိုဒ်၁နှင့် ၂အရ အရေးယူဆောင်ရွက်ချက်များကို လည်းကောင်း၊ အပိုဒ် ၃နှင့်၄အရ အရေးယူဆောင်ရွက်ချက်များကို လည်းကောင်း အမိန့်ထုတ်ပြန်သည့်နေ့မှ–**

**(က) ရက်ပေါင်း (၆၀)အတွင်း အနီးကပ်ဆုံး ပြည်ထောင်စု လွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။**

**(ခ) ရက်ပေါင်း (၆၀)အတွင်း ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပရန်မရှိလျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပစေလျက် တင်ပြ၍ အတည်ပြုချက် ရယူရမည်။”**

လို့အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အရေးပေါ်အခြေအနေကို ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ဖြင့် ထုတ်ပြန်နိုင်ခွင့်ဟာ နိုင်ငံတော်သမ္မတအား စည်းကမ်းသတ်မှတ်ချက်များနဲ့ ပေးအပ်ထားခြင်းဖြစ်ပါတယ်၊ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို လိုအပ်သော ကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေရမှာ ဖြစ်ပါတယ်။ ဒါကြောင့်–

**“၇။ အပိုဒ် ၆အရ နိုင်ငံတော်သမ္မတ၏ တင်ပြချက်ကို ပြည်ထောင်စု လွှတ်တော် အစည်းအဝေးက–**

**(က) အတည်ပြုလျှင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် သတ်မှတ်ထားသည့် နေ့ရက်နှင့် အချိန်ကာလ ကုန်ဆုံးသည် အထိ အာဏာတည်ရမည်။**

**(ခ) အတည်ပြုသည့်အပြင် အချိန်ကာလ ထပ်မံတိုးမြှင့်သတ်မှတ်လျှင် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် တိုးမြှင့်သတ်မှတ်သည့်နေ့ရက်နှင့် အချိန်ကာလ ကုန်ဆုံးသည်အထိ အာဏာတည်ရမည်။**

**(ဂ) အတည်မပြုလျှင် အတည်မပြုသည့်နေ့ရက်နှင့် အချိန်ကာလက စတင်၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။”**

လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုစတဲ့ အဓမ္မနည်းဖြင့် ရယူဖို့ဆောင်ရွက်ခြင်း၊ ကြိုးပမ်းအားထုတ်ခြင်းကြောင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးတော့မယ့် အခြေအနေမျိုးပေါ်ပေါက်ရင် နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာဖို့လိုအပ်ပါတယ်။ ဒါကြောင့်–

**“၈။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့်အဓမ္မနည်းများဖြင့် ရယူရန်ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စု ပြိုကွဲစေမည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သောအကြောင်း တွေ့ရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသသည် နိုင်ငံတစ်ဝန်းလုံး ဖြစ်ကြောင်းနှင့် အချိန်ကာလ သတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိ ဖြစ်ကြောင်းဖော်ပြရမည်။”**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့အာဏာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လွှဲပြောင်းပေးသည့်အခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သော ဥပဒေများပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကျင့်သုံးရန် လွှဲအပ်ပေးထားသည့် အချိန်ကာလအတောအတွင်း လွှတ်တော်အားလုံးရဲ့ ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသင့်ပါတယ်။ ဒါကြောင့်–

**“၉။ (က) အပိုဒ် ၈အရ အရေးပေါ်အခြေအနေ ကြေညာသည့် ကိစ္စရပ်တွင်**

**နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုနိုင်ရန် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို လွှဲအပ်ကြောင်း ကြေညာရမည်။ ယင်းသို့ ကြေညာသည့်နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ ယင်းလွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။**

**(ခ) ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် နေ့ရက်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များအား တာဝန်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။”**

လို့အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်သမ္မတက ၎င်းအား လွှဲအပ်ထားတဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာသုံးရပ်ကို ကျင့်သုံးဆောင်ရွက်ရာမှာ မိမိကိုယ်တိုင် ကျင့်သုံးခွင့်ရှိသင့်သလို မိမိကိုယ်စား ကျင့်သုံးဆောင်ရွက်နိုင်စေရန် ၎င်းအနေနဲ့ သင့်လျော်မယ်လို့ယူဆတဲ့ အဖွဲ့အစည်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်–

**“၁၀။ နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာကို မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိကိုယ်တိုင်ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်သည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သင့်လျော်သည့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေနိုင်သည်။”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေကြေညာရုံနဲ့ မလုံလောက်လို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်စေရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမှု မရှိအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်လို့ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးများကို အတိုင်းအတာတစ်ခုအထိ လိုအပ်လျှင် လိုအပ်သလို ကန့်သတ်ခွင့်၊ ရပ်ဆိုင်းခွင့် ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်–

**“၁၁။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် အရေးပေါ်အခြေအနေ ကြေညာထားစဉ်ကာလအတွင်း လိုအပ်သည့်နယ်မြေဒေသတွင်နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။”**

လို့အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်သမ္မတက မိမိကိုပေးအပ်ထားတဲ့ တာဝန်တွေကို သတ်မှတ်ချိန်အတွင်း ပြီးမြောက်အောင် မဆောင်ရွက်နိုင်ရင် နိုင်ငံတော်သမ္မတအနေနဲ့ အချိန်ကာလတိုးမြှင့်ပေးနိုင်ခြင်းရှိမရှိ၊ တိုးမြှင့်ပေးရင် အချိန်ကာလ မည်သည့်အတိုင်းအတာအထိ တိုးမြှင့်ပေးနိုင်ခွင့် ပြုမပြုနဲ့ အချိန်ကာလတိုးမြှင့်ပေးရင် တိုးမြှင့်ပေးတဲ့ကိစ္စကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ အစီရင်ခံသင့်ပါတယ်။

ဒါကြောင့်–

**“၁၂။ နိုင်ငံတော်သမ္မတသည်–**

**(က) အပိုဒ် ၈နှင့်၉အရ အရေးပေါ်အခြေအနေကြေညာ၍တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် ကိစ္စကို ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေး ခေါ်ယူစေ၍ဖြစ်စေ အစီရင်ခံတင်ပြရမည်။**

**(ခ) တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ် အချိန်ကာလ တိုးမြှင့်ပေးရန်**

စာမျက်နှာ ၈ ကော်လံ ၁ သို့

7-12 (07) 1 12/7/06, 1:32 AM

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတအမည်ဖြင့် ဖော်ပြဆောင်ရွက်ရမည်

စာမျက်နှာ ၇ မှ

**အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။ ယင်းသို့တိုးမြှင့်ပေးသည့်ကိစ္စကို ပြည်ထောင်စု လွှတ်တော် အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြရမည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အနေနဲ့ မိမိအား ပေးအပ်ထားတဲ့ တာဝန်တွေကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးရင် နိုင်ငံတော်သမ္မတထံအစီရင်ခံဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်သမ္မတကလဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာရရှိရင် မိမိထုတ်ပြန်ခဲ့တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့တဲ့ အမိန့်ကို ပယ်ဖျက်ဖို့ လိုမှာဖြစ်ပါတယ်။ ဒါကြောင့်–

**"၁၃။ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော် အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြပြီးသည့် နေ့မှစ၍ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် သက်တမ်း ကုန်ဆုံးပြီး ဖြစ်ပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှတင်ပြချက် လက်ခံရရှိသည့်နေ့မှစ၍ ဖြစ်စေ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်။"**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိအား ပေးအပ်ထားတဲ့တာဝန်ကို ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်ပြီးစီးကြောင်း နိုင်ငံတော်သမ္မတထံ အစီရင်ခံလာတဲ့အခါ နိုင်ငံတော်သမ္မတဟာ သက်ဆိုင်ရာ လွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနဲ့ ဦးစီးအဖွဲ့များရဲ့ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ပြီး ယင်းတို့၏ မူလတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတဟာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းပေးဖို့ လိုအပ်လာပါတယ်။ ဒါကြောင့်–

**"၁၄။ နိုင်ငံတော်သမ္မတသည် အပိုဒ် ၁၃ အရ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ထံမှ အစီရင်ခံစာကို ရရှိသည့်အခါ ပြည်ထောင်စုလွှတ်တော် သက်တမ်း မကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအား ယာယီရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ရမည်။ ထို့နောက် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်း အသစ်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့အစည်းများသည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက်သာ တာဝန်ထမ်းဆောင်ရမည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွှတ်တော်များဟာ သက်ဆိုင်ရာသက်တမ်းအတွင်းသာ တည်ရှိမှာဖြစ်ပါတယ်။ လွှတ်တော်သက်တမ်းကုန်ဆုံးသွားသော်လည်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အချုပ်အခြာအာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုင်တွယ်ကျင့်သုံးပေးနေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အာဏာသုံးရပ်ကို ကျင့်သုံးတဲ့နေရာမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းဆောင်ရွက်သွားခြင်းအားဖြင့် လုပ်ငန်းပိုမိုအောင်မြင်မှာ ဖြစ်ပါတယ်။ လွှတ်တော်သက်တမ်းကုန်ဆုံးသော်လည်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပွဲပြီးသည်အထိ ဆက်လက်တည်ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့်–

**"၁၅။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လည်းကောင်း ပြည်ထောင်စုလွှတ်တော်သက်တမ်းကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတ အသစ်တို့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အသစ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအသစ်တို့ကို လည်းကောင်း ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်ရှိသည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွှတ်တော်သက်တမ်းကုန်ဆုံးပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလကို ထပ်မံတိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ခွင့်ပြုပေးသင့်ပါတယ်။ ဒါကြောင့်–

**"၁၆။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလတိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အစီရင်ခံစာကို ရရှိသည့်အခါ အပိုဒ် ၉အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်–

**"၁၇။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်သမ္မတက အပိုဒ်၈နှင့်၉အရ အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့် ကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ အပိုဒ် ၉ အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာရမည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ထားသည့် အမိန့်ကို ပယ်ဖျက်ပြီးတဲ့နောက် အဲဒီအမိန့်ကို ပယ်ဖျက်လိုက်တဲ့နေ့ကစပြီး သတ်မှတ်တဲ့ ကာလအတွင်းမှာ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမှာ ဖြစ်ပါတယ်။ ရွေးချယ်တင်မြှောက်ခြင်း မပြုရသေးမီကြားကာလအတွင်းမှာ နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်ဖို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်သင့်ပါတယ်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်ကို ကြီးကြပ်ဦးဆောင်သွားနိုင်မှသာ ဒီကြားကာလအတွင်းမှာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်

**"၁၈။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည်–**

**(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များ ဖွဲ့စည်းခြင်း မပြုနိုင်သေးမီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို ကျင့်သုံးဆောင်ရွက်သည်၊**

**(ခ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီး ပြည်ထောင်စုအဆင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းပြီးသည့်အချိန်ထိ နိုင်ငံတော်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ ကျင့်သုံးဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာကို ကိုယ်တိုင်ကျင့်သုံး ဆောင်ရွက်ရမည်။ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများကို ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဆင့်များအတွက် သင့်လျော်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ် တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံးဆောင်ရွက်စေနိုင်သည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့အာဏာများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ကျင့်သုံးတဲ့အခါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် ညီညွတ်သည့် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် တာဝန်ပေးအပ်သင့်ပါတယ်။ ဒါကြောင့်–

**"၁၉။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင် အဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တို့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသောသက်ဆိုင်ရာ အရည်အချင်းနှင့် ညီညွတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖွဲ့စည်းနိုင်ဖို့ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ထားတဲ့ အမိန့်ကို ပယ်ဖျက်ပြီး အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရေးနဲ့ စပ်လျဉ်းပြီး–

**"၂၀။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အပိုဒ်၁၇ အရ အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာသည့်နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပေးရမည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ယန္တရား ပုံမှန်လည်ပတ်စေရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဟာ အပိုဒ် ၁၉ ပါ အဖွဲ့အစည်းများကို ဖွဲ့စည်းတာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်–

**"၂၁။ အပိုဒ် ၁၉ အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်။"**

လို့အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်းတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို နိုင်ငံတော်သမ္မတက ဦးဆောင်ပြီး နိုင်ငံတော်ရဲ့ အာဏာများကို ယာယီကျင့်သုံးနေမှာ ဖြစ်ပါတယ်။ ဒါကြောင့်–

**"၂၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတ အမည်ဖြင့် ဖော်ပြဆောင်ရွက်ရမည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရဲ့ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်စေ၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိပါးမယ့် အန္တရာယ်မျိုးကြုံတွေ့ရခြင်းကြောင့်ဖြစ်စေ၊ တိုင်းတစ်ပါးမှစစ်ရေးအရ ကျူးကျော်တိုက်ခိုက်လာခြင်းကြောင့်ဖြစ်စေ၊ နိုင်ငံတော်ရဲ့ နိုင်ငံရေးနဲ့စီးပွားရေးအခြေအနေ ဆိုးရွားစွာ ယိုယွင်းလာခြင်းကြောင့်ဖြစ်စေ၊ အရေးပေါ်အခြေအနေမျိုး ပေါ်ပေါက်လာလို့ အရေးပေါ်အခြေအနေကြေညာပြီး အုပ်ချုပ်နေရတဲ့ ကာလအတွင်းမှာ နိုင်ငံတော်သမ္မတက အုပ်ချုပ်နေတဲ့ကာလ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ယာယီကျင့်သုံးနေတဲ့ကာလနဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်အာဏာကို ယာယီကျင့်သုံးနေတဲ့ ကာလများအတွင်း တာဝန်ယူ ဆောင်ရွက်ကြရတဲ့ နယ်ဘက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းဝင်များ၊ စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းဝင်များနှင့် စစ်ဘက်၊ နယ်ဘက်ဝန်ထမ်းများရဲ့ တရားဝင်ဆောင်ရွက်ချက်များသည် တရားဝင် အတည်ဖြစ်ရပါမယ်။ ဒါကြောင့်–

**"၂၃။ အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာထားစဉ် ကာလအတွင်းတွင် နိုင်ငံတော်သမ္မတကိုယ်စားဖြစ်စေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့် ကာလအတွင်းဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့်ကာလအတွင်းဖြစ်စေ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းဖှာ လိုအပ်သည့်အရေးယူ ဆောင်ရွက်မှုပြုနိုင်ရန် လုပ်ပိုင်ခွင့်နှင့်တာဝန်များပေးအပ်ခြင်းခံရသည့် အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၊ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၊ စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ် ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၏ တရားဝင်ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်။ ယင်းတရားဝင် ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် တရားစွဲဆိုခွင့် မရှိစေရ။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ(၁၄)ချက်၊ နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ(၆)ချက်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ(၂၃)ချက်အား အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း ကျွန်တော်တို့ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘောထားအားတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။



မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ လွတ်လပ်ရေးနေ့အကြို ဓာတ်ပုံပြပွဲ၊ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက်က အထက(၁) ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှူး ဒေါ်မြမြ၊ ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

❒ *ကျောဖုံးမှ*

ရှေးဦးစွာ စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ၊ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ ပဲခူးတိုင်းအတွင်းရှိ စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ၊ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေးလုပ်ငန်းကော်မတီကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ထို့ကြောင့် စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်သည့်ဒေသများတွင် သီးနှံစိုက်စွမ်းအားများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းသည် စိုက်ပျိုးမြေ သန်း ၃၀ ကျော်၊ သစ်တောမြေ ၃၇ သိန်းကျော်ရှိကြောင်း၊ မိုးစပါးဧက ၂၄ သိန်း စိုက်ပျိုးလျက်ရှိရာမှ စိုက်ဧက သိန်း ၃၀ အထိ စိုက်ပျိုးရန် သုံးနှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် ရာနှုန်းပြည့် အောင်မြင်ခဲ့ပြီဖြစ်၍ ပဲခူးတိုင်းသည် နိုင်ငံတော်၏ အရန်စပါးကျီတစ်ခုဖြစ်ကြောင်း၊ ပဲခူးတိုင်း၏ အလယ်တွင် ပဲခူးရိုးမရှိပြီး ရိုးမ၏ အရှေ့ဘက်တွင် စစ်တောင်းမြစ်ရိုးမ၏ အနောက်ဘက်တွင် မြစ်မခမြစ်ရှိ၍ စိုက်ပျိုးမြေများပြားစွာ ရှိနေကြောင်း၊ တည်ဆောက်ပြီး ဆည်တမံ ၄၂ ခုရှိသဖြင့် ဒေသအတွင်းရှိ ရေအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်ပြီး အထိုက်အလျောက် ရေကြီးရေလွှမ်းမှုကို ကာကွယ်နိုင်ကြောင်း၊ ဆက်လက်၍လည်း စစ်တောင်းမြစ် အနောက်ဘက်ခြမ်း ပဲခူးရိုးမ အရှေ့ဘက်ခြမ်းတို့တွင် ဆည်တမံများ တည်ဆောက်မှုသာမက စစ်တောင်းမြစ် အရှေ့ခြမ်းတွင်လည်း စိုက်ပျိုးရေရရှိမှု၊ စိုက်ပျိုးမြေဖော်ထုတ်မှုသာမက ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် ဆည်တမံအသစ်များ တည်ဆောက်နေကြောင်း၊ ယခုဖွဲ့စည်းပေးလိုက်သည့် စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းကော်မတီသည် ဤဒေသများ ရေကြီး ရေလွှမ်းမှုကာကွယ်နိုင်ပြီး မြစ်ကြောင်းများ တည်ငြိမ်ကာ ရေနက်ကွင်း၊ ရေကြီးကွင်းများသည် ရေတော်မိုးတော်စိုက်ပျိုးမြေများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ပဲခူးဒေသ ဒိုက်ဦး ပွန်တန်ဆာလွင်ပြင်နှင့် ဧရာဝတီမြစ်နှင့် ဆက်စပ်ရေစီးဆင်းမှုရှိသော မြစ်မခမြစ်ဝှမ်းဒေသတို့တွင် ရေကြီးကွင်းများ တာတမံဆောက်လုပ်ခြင်း၊ ရေနက်ကွင်းများ၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ မြစ်ချောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံ၏ သီးနှံစိုက်ပျိုးမှု ပိုမို တိုးတက်မြင့်မားလာပြီး ဒေသတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

## ဝိုင်းဝန်းဆောင်ရွက်

ဆက်လက်၍ စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တောင်းမြစ်ဝှမ်းနှင့် မြစ်မခမြစ်ဝှမ်းတည်ရှိရာ ပဲခူးတိုင်းသည် မြေသယံဇာတ ပေါကြွယ်ကြောင်း၊ ပေါကြွယ်ဝသည့် မြေသယံဇာတကို ရေတော်မိုးတော်စိုက်ပျိုးမြေဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတွင် စားနပ်ရိက္ခာ ဖူလုံမှု၊ ပိုလျှံမှုရှိကြောင်း၊ နောင်ရေရှည်တွင် တိုးလာမည့် လူဦးရေသန်း ၁၀၀ အတွက် စပါးတင်းသန်း ၁၅၀၀ ထွက်ရှိအောင် တစ်ဧကသီးနှံ အထွက်တိုးရေးနှင့် စိုက်ဧကတိုးချဲ့ရေး၊ နည်းလမ်း နှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဧကသီးနှံ အထွက်တိုးရေးအတွက် မျိုးပြောင်းလဲမှုနည်းပညာ ပံ့ပိုးမှု စသည်တို့ ဆောင်ရွက်ပေးနေသကဲ့သို့ စိုက်ဧက တိုးချဲ့ရေးအတွက် ယာမြေမှ လယ်မြေပြောင်းခြင်း၊ ရေအောက်မြေများဖော်ထုတ်ခြင်း၊ ရေကြီးရေလွှမ်းကွင်းများမှ ရေတော်မိုးတော် စိုက်ပျိုးမြေများ ပြောင်းလဲခြင်းဖြင့် သီးနှံစိုက်စွမ်းအား တိုးတက်လာမည် ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုလည်း တိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာသည်နှင့်အမျှ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရရှိကာ လူမှုစီးပွားရေးဘဝ မြင့်မားလာမည်ဖြစ်ကြောင်း၊ အချို့သောလုပ်ငန်းများကို စတင် အကောင်အထည်ဖော်လျက်ရှိနေပြီဖြစ်ကြောင်း အကောင်အထည်ဖော်မည့် လုပ်ငန်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများတွင် အများစုဖြစ်သော တောင်သူများအတွက် အကျိုးရှိသည့် လုပ်ငန်းများဖြစ်၍ အချိန်တိုအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ၊ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက စစ်တောင်းမြစ်နှင့် မြစ်မခမြစ်တို့၏ တည်ရှိမှု၊ ရေစီးဆင်းမှုအခြေအနေများနှင့် မြစ်ကြောင်းများ ထိန်းသိမ်းကာကွယ်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ၊ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ရေကြီးရေလွှမ်း ကွင်းများ၊ စိုက်ပျိုးမြေဖော်ထုတ်ရေး နှင့် လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းများတွင် ပြည်ထဲရေးဝန်ကြီးဌာနရှိ ဌာနများမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အဖွဲ့ဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ၏ ငါးထုတ်လုပ်မှုနှင့် လုပ်ငန်းကော်မတီ၏ ဆောင်ရွက်သွားမည့် လုပ်ငန်းများကြောင့် သဘာဝငါးအပြင် မွေးမြူရေးငါးကိုပါ တိုးချဲ့ထုတ်လုပ်နိုင်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အဖွဲ့ဝင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား သစ်တောရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ပဲခူးရိုးမနှင့် ဆည်တာတမံ ရေဝေရေလဲဒေသတွင် ဆောင်ရွက်လျက်ရှိသော သစ်တောထိန်းသိမ်းရေး လုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ပဲခူးတိုင်း ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမြင့်က ပဲခူးတိုင်းအရှေ့ခြမ်း ပွန်တန်ဆာလွင်ပြင်ဒေသနှင့် ပဲခူးတိုင်း အနောက်ခြမ်း ပွန်တန်ဆာလွင်ပြင်ဒေသ ဖွံ့ဖြိုးရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေး အတွက် ဆောင်ရွက်မည့် တာပတ်လုပ်ငန်း ရေစီးရေလာကောင်းမွန်ရေး အတွက် တူးဖော်မည့် ရေနုတ်မြောင်း လုပ်ငန်းတည်ဆောက်မည့် ရေထိန်း ရေနုတ်ရေတံခါး လုပ်ငန်းများနှင့် အကျိုးသက်ရောက်မှုကို လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က ဆောင်ရွက်သည့် မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

## လုပ်ငန်းတာဝန်ပေးအပ်

ထို့နောက် စစ်တောင်းမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းဆပ်ကော်မတီနှင့် မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေး လုပ်ငန်းဆပ်ကော်မတီတို့ကို ဖွဲ့စည်းကာ အဖွဲ့ဝင်များအား လုပ်ငန်းတာဝန်များ ပေးအပ်ပြီးနောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း

## ဘုရားဖြူဓမ္မသဘင်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီးက ကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် ဘုရားဖြူစိန်ရတုစာတော်ပြန်ပွဲ၊ ဆုနှင်းသဘင် အကြိုတရားပွဲများအဖြစ် ဒီဇင်ဘာ ၉ ရက် (စနေနေ့)တွင် သီတဂူအရှင်ဒေဝိန္ဒာဘိဝံသက လည်းကောင်း၊ ၁၆ ရက် (စနေနေ့)၌ ရွှေလင်းယုန်ဆရာတော် အရှင်အရဝိန္ဒာဘိဝံသက လည်းကောင်း၊ ၂၃ ရက် (စနေနေ့)၌ ပုပ္ပားစကားဝါမြေ ဆရာတော် အရှင်ပညာဝံသကလည်းကောင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း၌ တရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## သဲအင်းဂူတိုက်ခွဲ အမှတ်(၃၂) အဓိဋ္ဌာန်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာမြို့သစ်နှင့် အောင်လံမြို့ သဲအင်းဂူတိုက်ခွဲ အမှတ်(၃၂) ဝိပဿနာ ဓမ္မရိပ်သာ၏ ပဓာန နာယက ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းပြုဆရာတော် အရှင်စန္ဒိမာ(အောင်လံ)၏ ကိုးရက်အဓိဋ္ဌာန် ဝိပဿနာတရားစခန်းကို ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ဗဟန်း ၃ လမ်းထိပ် အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး၌ ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် အဘိဓမ္မာ ဓမ္မဗိမာန်တော်သို့ ဒီဇင်ဘာ ၂၃ရက် ညနေ ၅နာရီအရောက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့်အတူ လာရောက် စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများကို ဖုန်း-၀၁-၅၄၆၆၇၀ နှင့် ၀၁-၂၅၃၇၃၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

၇-၁၂-၂၀၀၆
(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ လျှပ်တစ်ပြက်
၆:၃၅ ၁၃။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း-၈)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၂၆)

✡ *ကျောဖုံးမှ*

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးကောင်းခဲ့သဖြင့် ရေလှောင်တမံအသီးသီးတွင် ရေများ သတ်မှတ်သော ရေမှတ်များသို့ ရောက်ရှိပြီး ရေများ ပြည့်လျှံခဲ့သည်။

## မှတ်တမ်းတင်

မြန်မာ့အလင်း သတင်းအဖွဲ့သည် ပြီးခဲ့သော နိုဝင်ဘာလဆန်းပိုင်းက နေပြည်တော် ပတ်ဝန်းကျင်နှင့် ပျဉ်းမနားခရိုင်ဒေသသို့ ရောက်ရှိသွားခဲ့ရာ နေပြည်တော်ပတ်ဝန်းကျင်ရှိ ရေလှောင်တမံများ ရေများပြည့်လျှံနေသည့် မြင်ကွင်းကို မြင်တွေ့ မှတ်တမ်းတင်နိုင်ခဲ့ကြသည်။

နေပြည်တော်ပတ်ဝန်းကျင်ရှိ ရေဆင်းဆည်၊ ပေါင်းလောင်းရေလှောင်တမံ၊ ချောင်းမကြီး ရေလှောင်တမံ၊ မြို့လှရေလှောင်တမံများသို့ ဝင်ရောက်လေ့လာခွင့်ရခဲ့သည်။ ရေလှောင်တမံများ ရေလှောင်နိုင်သောအခြေအနေကို သိရှိရန် ပျဉ်းမနားမြို့ ဆည်မြောင်းဦးစီးဌာန ထိန်းသိမ်းရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်အား တွေ့ဆုံ၍ မေးမြန်းကြသည်။

## ထူးထူးခြားခြား

ရှေးဦးစွာ ရေဆင်းဆည်တွင် တွေ့ရှိသော လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ရှင်းပြရာတွင် ရေဆင်းဆည်တွင် ရေပြည့်အမှတ် ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၄၃၉ ပေသို့ရောက်ရန် ၁၁ ပေအရောက်တွင် နှစ်စဉ် တန့်တန့်သွားခဲ့ကြောင်း၊ ယခုနှစ်တွင် ထူးထူးခြားခြား ပြည့်ခဲ့ကြောင်း၊ မိုးရွာမှုတန့်သွားခြင်းကြောင့်သာ ယခုနှစ် ရေလျှံခြင်းမဖြစ်ခဲ့ကြောင်း၊ ရေလှောင်ဧက ပေ ၇၃၀၀၀ရှိရာ ရေပြည့်မှတ်ပမာဏနှင့် ဧကပေ ခြောက်ထောင်ကွာခဲ့ကြောင်း ရေဆင်းဆည်တွင် စံချိန်တင်ရသော ရေမှတ်ဖြစ်ကြောင်း။

ယခုနှစ်တွင် မိုးစပါးစိုက်ဧကမှာ ၁၀၀၂၈ ဧကရှိကြောင်း၊ အမှန်စိုက်နိုင်ရမည့် ဧကသည် ၁၅၈၅၀ ဧကဖြစ်ကြောင်း၊ စိုက်ဧက လျော့နည်းရသည်မှာ ရေဆင်းဆည်သည် သက်တမ်း ၃၁ နှစ်ရှိပြီဖြစ်ပြီး ရေသောက်ဧရိယာရှိ ရေမြောင်းများ၊ နှန်းဆယ်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းစသော လုပ်ငန်းများလုပ်ရန် လိုအပ်၍ဖြစ်ပြီး ရေဆင်းမြောင်းများ တိမ်ကောလာခြင်းကြောင့် စိုက်ဧကနည်းရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်တွင် ဆည်မြောင်းတည်ဆောက်မှုလုပ်ငန်း အများအပြားလုပ်နေကြောင်းဖြင့် ပြောပြသည်။

လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆက်လက်၍ ချောင်းမကြီး (ပျဉ်းမနား) ဆည်သို့ မြန်မာ့အလင်းအဖွဲ့ကို ခေါ်ဆောင်သွားပြီး ချောင်းမကြီးရေလှောင်တမံ ရေဝင်မှုကို ပြသ၍ ထပ်မံ ရှင်းလင်းပြောပြသည်။ ချောင်းမကြီး ရေလှောင်တမံသည် နေပြည်တော်တွင် ရုံးစိုက်နေသော ဌာနအသီးသီးတွင် လာရောက်တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် သောက်သုံးရေပေးမည့် ရေလှောင်တမံဖြစ်ကြောင်း။



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာန လက်ထောက်ညွှန် ကြား ရေး မှူး ဦးမျိုးမြင့် အောင် ထိန်း သိမ်း ရေး ရုံး (ပျဉ်းမနား)က ရေဆင်း ရေလှောင်တမံထိန်းသိမ်းထားရှိမှု အခြေအနေများကို မြန်မာ့အလင်းသို့ ရှင်းပြစဉ်။** ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)



**ချောင်းမကြီး ရေလှောင်တမံ စီမံကိန်းနှင့် ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူးရုံး (ပျဉ်းမနား)မှ ဦးစီးမှူး ဦးကျော်ဝင်း က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။** ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

## သန့်ရှင်းရေ

နေပြည်တော်တွင်ရှိသော ရုံးများ၊ ဝန်ထမ်းများအတွက် ချောင်းမကြီး (ပျဉ်းမနား) ရေလှောင်တမံမှ သောက်သုံးရေပေးရန် ပိုက်များတပ်ဆင်ထားကြောင်း၊ ရေများသန့်ရှင်းအောင် (WEG) (Water Engineering Group)က ရေတွင်ပါလာသော ရေအနည်အနှစ်ကို ပြန်လည်၍ သန့်ရှင်းအောင် လုပ်ပေး၍ ရေပေးမည်ဖြစ်ကြောင်း၊ တကယ်တမ်း ရေပေးရမည်ဆိုပါလျှင် လူဦးရေသုံးသိန်းအတွက်လည်း ပေး၍ရကြောင်း၊ လူတစ်ယောက်၏ သောက်သုံးမှုအနေအထား၊ ရှိသောရေ၊ သန့်ရှင်းသော ရေပေးနိုင်ရန် သောက်သုံးရေနှင့် စိုက်ပျိုးရေကို ခွဲခြားပေးနေကြောင်း၊ ချောင်းမကြီးရေလှောင်တမံက ရေပြည့်ပမာဏမှာ ဧကပေလေးသောင်းဖြစ်ကြောင်း၊ အသုံးပြုနိုင်ရေ ဧကပေမှာ ၃၂၅၀၀ ကျော်ဖြစ်ကြောင်း၊ ရေပေးနိုင်သော သန့်ရှင်းသောရေပမာဏသည် မြို့ရေပေးနိုင်သော ဧကသည် ကန်ရေအနက်ပေ ၃၀ ကို နေပြည်တော်သို့ ပေးနိုင်ကြောင်း၊ ရေကို တစ်ဦးလျှင် ဂါလန် ၅၀ နှုန်းဖြင့် လူဦးရေသုံးသိန်းခွဲ၊ တစ်နှစ်ပတ်လုံး သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိ ခန့်မှန်းလူဦးရေမှာ တစ်သိန်းခွဲဖြစ်ကြောင်း၊ လက်ရှိရေကို နှစ်နှစ် သုံးစွဲသွားနိုင်မည်ဖြစ်ကြောင်းဖြင့် သိရသည်။

ချောင်းမကြီး(ပျဉ်းမနား)ရေလှောင်တမံသည် စိုက်ပျိုးရေဧက ၁၅၇၂ ဧကကို အကျိုးပြုရုံသာမက နေပြည်တော်ရှိ ပြည်သူတို့အတွက် WEG အဖွဲ့က အသုံးပြုရန် အနှစ်သက်ဆုံးရေဖြစ်သောကြောင့် ဆည်မြောင်းဦးစီးဌာန၏ ဆည်တည်ဆောက်မှုရည်ရွယ်သည့် သောက်သုံးရေနှင့် စိုက်ပျိုးရေကို အကျိုးပြုကြောင်း လက်တွေ့ပြသလျက်ရှိကြောင်း ကွင်းဆင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ပျဉ်းမနားမြို့နယ် လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူထိန်းသိမ်းထားသည့် တမံအမြင့်ပေ ၁၁၀၊ တမံအလျားပေ ၈၀၀၀ ရှိပြီး မြေသားတမံဖြစ်သည့် ရေဆင်းရေလှောင်တမံကို တွေ့ရစဉ်။** (ရေဆင်းရေလှောင်တမံသည် ယခုအခါတွင် နှစ်ပေါင်း ၃၁ နှစ်ကျော် သက်တမ်းရှိပြီဖြစ်သော်လည်း ပြုပြင်ထိန်းသိမ်းမှုကောင်းမွန်၍ သောက်သုံးရေအတွက်ပါ အကျိုးပြုလျက်ရှိကြောင်း သိရသည်။)

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)







**ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး ဗဟိုလုပ်ငန်းဦးစီးကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေးစုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်(၂၀၀၇) ဗဟိုလုပ်ငန်းဦးစီးကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

● ကျောဖုံးမှ

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဗဟိုလုပ်ငန်းဦးစီးကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း ကျန်းမာရေး ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

## ဆောင်ရွက်လျက်ရှိ

အစည်းအဝေးတွင် ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်(၂၀၀၇)ဗဟိုလုပ်ငန်းဦးစီးကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအတွင်းရှိ ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါခုနစ်မျိုးမှ ကင်းဝေးစေရေးအတွက် နှစ်စဉ် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

## ကာကွယ်ဆေးများတိုက်ကျွေး

ယင်းသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်နေသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများက ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ၈၀ရာခိုင်နှုန်းအထက် ရရှိအောင် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့ကြောင်း။

## ရည်မှန်းချက်များချမှတ်

ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းဖြင့် ပိုလီယို အကြောသေရောဂါဆိုးကြီးကို ပပျောက်အောင် မိမိတို့ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး မွေးကင်းစကလေး မေးခိုင်ရောဂါပပျောက်ရေးနှင့်ဝက်သက်ရောဂါဖြစ်ပွားသေဆုံးမှု လျော့ချရေးလုပ်ငန်းများကို ရည်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ဝက်သက်ရောဂါ ဖြစ်ပွားသေဆုံးမှု လျော့နည်းစေရေးမှသည် မြန်မာကလေးများအား ဝက်သက်ရောဂါဘေးမှကင်းဝေးစေရေးရည်ရွယ်ချက်ကို အောင်မြင်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဝက်သက်ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ နှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ ရှိကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့် ဝက်သက်ရောဂါသည် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် သေဆုံးမှုတွင် ထိပ်ဆုံးမှ ပြေးနေသော ရောဂါဖြစ်ဆဲရှိကြောင်း။

မြန်မာနိုင်ငံ၌ ဝက်သက်ရောဂါကာကွယ်ဆေးကို ပုံမှန်ဆေးထိုးလုပ်ငန်းအဖြစ် ၁၉၈၇ခုနှစ်တွင် ကိုးလအရွယ် ကလေးငယ်များအား ထိုးပေးခြင်းဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း။

## သေဆုံးမှုများရှိလာ

ဝက်သက်ရောဂါ ဖြစ်ပွားပါက နောက်ဆက်တွဲဆိုးကျိုးများ အဖြစ် ပြင်းထန်နမိုးနီးယား(အဆုတ်ရောင်) ဖြစ်ခြင်း၊ ဝမ်းလျှောခြင်း၊ မျက်စိနာခြင်း၊ အာဟာရချို့တဲ့ခြင်းများ ဖြစ်ပွားနိုင်ပြီး စနစ်တကျ ဆေးကုသမှု မခံယူပါက နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် သေဆုံးမှုများ ရှိလာနိုင်ကြောင်း၊ ဝက်သက်ရောဂါဖြစ်ပွားခဲ့သူများ၏ ၅၀ရာခိုင်နှုန်းကျော်သည် အသက် ငါးနှစ်အောက် ကလေးများ ဖြစ်ကြကြောင်း။

## အမြဲမပြတ်စောင့်ကြပ်

မြန်မာနိုင်ငံ၌ ဝက်သက်ရောဂါ ကင်းဝေးစေရေးအတွက် မဟာဗျူဟာကြီးလေးရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းမဟာဗျူဟာကြီးလေးရပ်မှာ နှစ်စဉ် တစ်နှစ်အောက် ကလေးအားလုံး၏ ၉၀ ရာခိုင်နှုန်းအထက်ကို အသက်ကိုးလအရွယ်တွင် ပထမအကြိမ်နှင့် အသက်တစ်နှစ်ခွဲတွင် ဒုတိယအကြိမ် ပုံမှန်ဝက်သက်ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးရန်၊ ပုံမှန်ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးစဉ်က မထိုးလိုက်ရသည့် ကလေးများနှင့် ကာကွယ်ဆေးထိုးနှံရသော်လည်း ရောဂါကာကွယ်နိုင်မှု မရနိုင်သော ကလေးများအတွက် ဒုတိယအကြိမ်အခွင့်အလမ်းပေးသည့် အနေဖြင့် ဝက်သက်ကာကွယ်ဆေးထိုးနှံပေးရန်၊ ဝက်သက်ရောဂါဖြစ်ပွားမှုကို အမြဲမပြတ်စောင့်ကြပ်ထောက်လှမ်းရန်နှင့် ဝက်သက်ရောဂါ ဖြစ်ပွားလာပါက ထိရောက်စွာ ကုသပေးရန်တို့ဖြစ်ကြောင်း။

## ပံ့ပိုးမှုများပေးခဲ့

ဝက်သက်ရောဂါနှင့် ပိုလီယိုရောဂါ စသည့်ရောဂါများ ကင်းဝေးရေးအတွက် ကျင်းပပြီးခဲ့သည့် ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမြင့်မားဆုံးသော ဦးဆောင်မှု၊ ပံ့ပိုးမှုများပေးခဲ့ကြောင်း။

## အားဖြည့်ကူညီ

ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးခြင်းဖြင့် ကလေးများ၏ကျန်းမာရေးကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင်မှာဖြစ်ပြီး **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်တိုးတက် မြင့်မားရေး"** ဆိုသည့် အမျိုးသားရေး ဦးတည်ချက်ကြီးကို တစ်ဖက်တစ်လမ်းက လက်တွေ့ဖော်ဆောင်ရာလည်း ရောက်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် **"လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေး"** နှင့် **"ရောဂါဘယ ကင်းဝေးရေး"** ဆိုသည့် ရည်မှန်းချက်ကြီးနှစ်ရပ်ကိုလည်း တစ်ဖက်တစ်လမ်းက အားဖြည့် ကူညီပေးရာလည်း ရောက်ကြောင်း။

## ဝိုင်းဝန်းကူညီပံ့ပိုး

မြန်မာနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားသေဆုံးမှု လျော့နည်းစေရေး ရည်မှန်းချက်အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး ထိန်းသိမ်းသွားနိုင်ရန် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံရှိ ကလေးများအား ဝက်သက်ရောဂါဘေးမှကင်းဝေးစေရန် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း ရာနှုန်းပြည့်လွှမ်းခြုံမှုရရှိရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## မဟာဗျူဟာများ

ယင်းနောက် ဗဟိုလုပ်ငန်း ဦးစီးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က မြန်မာနိုင်ငံ၌ ၂၀၀၇ခုနှစ်တွင် ဆောင်ရွက်မည့် ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်၏ လုပ်ငန်းစဉ် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက် စီမံချက်မန်နေဂျာ ဒေါက်တာသန်းထိန်ဝင်းက စီမံချက်ပါ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကူညီပံ့ပိုးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုလုပ်ငန်း ဦးစီးကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများက ပါဝင် ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များ ချမှတ်ကာ ဗဟိုလုပ်ငန်းဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

## ထိုးနှံမည်

**"ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်(၂၀၀၇)"** အရ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၄ရက်မှ ၂၇ရက်အထိ ပထမအကြိမ်အဖြစ် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းမှ မြို့နယ်များ၌ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ပြီး ဒုတိယအကြိမ် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မတ်၁၇ရက်မှ ၃၀ရက်အထိ ပြည်နယ်အားလုံး၊ တနင်္သာရီတိုင်းနှင့် စစ်ကိုင်းတိုင်း (အထက်ပိုင်း)မှ မြို့နယ်များ၌လည်းကောင်း၊ တတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းကို မေ၁၄ရက်မှ ၂၇ရက်အထိ ကျန်တိုင်းများ ဖြစ်သည့် ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်း (အောက်ပိုင်း)မှ မြို့နယ်များ၌လည်းကောင်း သုံးကြိမ်ခွဲပြီး အသက်ကိုးလမှ ငါးနှစ်အောက် ကလေးပေါင်းခုနစ်သန်းကျော်ကို ကာကွယ်ဆေး ထိုးနှံပေးသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# အထက(၅) ဗိုလ်တထောင် ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၂ ခုနှစ်၊ ၂၀၀၃ ခုနှစ် နှင့် ၂၀၀၄ ခုနှစ်များတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသော ကျောင်းသူ ကျောင်းသားဟောင်းများ စုပေါင်း၍ အာစရိယပူဇော်ပွဲကို အဆိုပါကျောင်း၌ ၂၀၀၇ခုနှစ် ဇန်နဝါရီ၇ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ကိုကြည်မင်းထွန်း ဖုန်း–၂၄၂၁၇၄၊ ၂၄၉၅၀၂၊ ကိုဇော်ဝင်းအောင် ဖုန်း–၂၀၁၃၉၈၊ ကိုဝင်းထိုက် ဖုန်း–၂၅၂၁၃၉၊ ၀၉–၅၁–၆၅၅၉၂၊ ကိုကျော်ဇင်ဦး ဖုန်း–၇၀၆၃၄၆၊ ကိုနေမျိုးတင်ဖေ ဖုန်း–၂၉၄၁၄၀၊ မထက်ဦးဝေ ဖုန်း–၂၉၀၅၂၁၊ ကိုရဲဝင်းအောင် ဖုန်း–၀၉–၅၁–၅၁၁၅၀၊ ကိုကောင်းမြတ်ကို ဖုန်း–၂၉၉၅၇၈ နှင့် ဆောင်းဦးကိုကိုတို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပြီး ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

# လကမ္ဘာ၌ အခြေစိုက်စခန်းတည်ဆောက်မည်

၂၀၂၀ပြည့်နှစ်တွင် အာကာသယာဉ်မှူးများ လကမ္ဘာသို့ပြန်ရောက်ပြီးနောက် လပေါ်၌ အမြဲတမ်းအခြေစိုက်စခန်းတစ်ခု တည်ဆောက်ရေးလုပ်ငန်းစတင်ရန် အစီအစဉ်ရှိကြောင်း အမေရိကန်အာကာသအေဂျင်စီ နာဆာက ကြေညာသည်။

အဆိုပါစခန်းကို လ၏ဝင်ရိုးစွန်းနှစ်ခုအနက် တစ်ခုခုအနီးတွင်တည်ဆောက်မည့် လက္ခဏာရှိသည်။ ထိုစခန်းကို အင်္ဂါဂြိုဟ်သို့ လူလိုက်ပါသည့် ခရီးစဉ်များအတွက် တစ်ထောက်နားစခန်းအဖြစ်နှင့် သိပ္ပံဌာနတစ်ခု အဖြစ် အသုံးပြုဖွယ်ရှိသည်။



၁၉၇၂ ခုနှစ်က လကမ္ဘာသို့ ခြေချခဲ့သည့် နောက်ဆုံးအပိုလိုစီမံကိန်းကို ဆက်ခံရန် လဆင်းယာဉ်သစ်တစ်စီးကို တည်ဆောက်ရန် စီစဉ်ထားသည်ဆို၏။

သို့သော် ယင်းလပေါ်စခန်း၏ အဆောက်အအုံနှင့် စခန်း၌ တာဝန်ချထားမည့် အာကာသယာဉ်မှူးများ၏ တာဝန်အတိအကျတို့ကို မသတ်မှတ်၊ မဆုံးဖြတ်ရသေးပေ။ ထို့ပြင် ထိုစခန်း မည်သည့်အချိန်တွင် စတင်လုပ်ကိုင်လည်ပတ်မည်ဆိုသည်ကိုလည်း အတိအကျ မသိရသေးဟု ဆိုသည်။

**(ကိုးကား–အင်တာနက်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၇–၁၂–၂၀၀၆**

**(ကြာသပတေးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ၂၀၀၄ခုနှစ်၏ အကောင်းဆုံး အသံတည်းဖြတ်ဆုရ ဦးအေးမြင့်နှင့်တွေ့ဆုံခြင်း |
| ၇:၁၀ | တေးဂီတအစီအစဉ် |
| ၇:၁၅ | ဆေးဖက်ဝင်မာလကာပင်၏ အာဟာရတန်ဖိုးများ အကြောင်း |
| ၇:၂၅ | တေးဂီတအစီအစဉ် |
| ၇:၃၀ | ယနေ့ သိပ္ပံနှင့်နည်းပညာ |
| ၇:၄၀ | တေးဂီတအစီအစဉ် |
| ၇:၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇:၅၅ | ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဖူးခရီးသွားမှတ်တမ်း (အပိုင်း–၂) |
| ၈:၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၈:၁၅ | Music Gallery(အရင်လို စိတ်မချလို့ပါရှင်ရယ်) |
| ၈:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၅၅ | ဂုဏ်ယူစရာ လက်မှုအတတ်ပညာ |
| ၉:၀၅ | တေးဂီတအစီအစဉ် |
| ၉:၁၀ | အသည်းခြောက်ရောဂါ ဖြစ်စေနိုင်တဲ့ အချက်အလက်များ (ဒေါက်တာခင်မောင်ဝင်း) |
| ၉:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၄၀ | တေးဂီတအစီအစဉ် |
| ၉:၄၅ | ပြည်တွင်းအနုပညာရေးရာ |
| ၁၀:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၃၅ | ပွင့်လင်းရာသီမှာဆင်နွှဲ စက်မှု(၁)ရဲ့ဈေးရောင်းပွဲ |
| ၁၀:၅၅ | တေးဂီတအစီအစဉ် |
| ၁၁:၀၀ | ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ဒုသမအကြိမ် ဘွဲ့ယူ ပန်းချီ၊ပန်းပု လက်ရာမွန်ပြပွဲ |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီအား ရုရှားဖက်ဒရေးရှင်းမှဝန်ကြီးများ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၆**

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား Republic of Kalmykia နိုင်ငံ Russia Federationမှ စွမ်းအင်ဝန်ကြီး H.E Mr. Chedyrov Boris နှင့်ဝန်ကြီး H.E Mr. Tatarkhan R. Kubanov တို့ ခေါင်းဆောင်သောအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား Republic of Kalmykia နိုင်ငံ Russia Federationမှ စွမ်းအင်ဝန်ကြီး H.E Mr. Chedyrov Boris နှင့် ဝန်ကြီး H.E Mr. Tatarkhan R. Kubanov တို့ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


## သွေးလှူရှင်များနေ့

**၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက်**

အမျိုးသားသွေးဌာန
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန


# မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့၌ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၆

**ယနေ့မြန်မာစံတော်ချိန်ညနေ ၃နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်၌ ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်းငယ်သည် မြန်မာနိုင်ငံတောင်ပိုင်းစွန်း ဒေသများအနီးမှ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။**

**အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၂၄ နာရီအတွင်း မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့၌နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျရောက်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(သတင်းစဉ်)

# မော်လမြိုင်စက်မှုလက်မှုအထက အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မော်လမြိုင် စက်မှုလက်မှုအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသားဟောင်းများက အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ၉ရက်(စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့်၁၂နာရီအထိ ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ ပဌမအကြိမ်အထိ တက်ရောက်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ၊ မိတ်ဆုံ စားပွဲသို့တက်ရောက်လိုသည့် ဆရာ ဆရာမများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းလိုပါက ဆရာဦးဉာဏ်ထွန်း ဖုန်း– ၆၄၁၈၄၆၊ ဦးဆန်းဦး ဖုန်း–၅၇၂၃၇၅၊ ဦးကြည်မြင့် ဖုန်း– ၀၉–၅၁–၁၁၇၅၈၊ ဦးထွန်းလွင် ဖုန်း– ၇၂၄၇၁၃၊ ဦးမင်းငွေသန်း ဖုန်း– ၆၈၃၄၁၉၊ ဦးသန်းထွန်း ဖုန်း–၀၉–၉၉–၇၃၀၇၇၊ ဦးရွှေဝင်း ဖုန်း–၀၉–၅၁–၁၀၇၅၈နှင့် ဦးစိုးမြင့် ဖုန်း–၆၈၀၅၀၇တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

# မကွေးကောလိပ် အာစရိယပူဇော်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

၁၉၆၄မှ ၁၉၇၆ခုနှစ်အထိ မကွေးကောလိပ်တွင် ပညာသင်ယူခဲ့ကြသော ကျောင်းသားကျောင်းသူများ၏ ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၃ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ တက္ကသိုလ်များဓမ္မာရုံ**(အောက်ပုံ)**၌ ကျင်းပရာ အခမ်းအနားသို့ ဆရာကြီး ဆရာမကြီး ၁၄၀ခန့် တက်ရောက် အကန်တော့ခံကြပြီး ကျောင်းသားကျောင်းသူ ၅၀၀ကျော် တက်ရောက် ပူဇော်ကန်တော့ကြသည်။

**ကျေးဇူးတင်စကား**

အခမ်းအနားတွင်ဆရာကြီး ဆရာမကြီး တစ်ဦးစီအားလှူဖွယ်ပစ္စည်းများနှင့် ငွေကျပ် ငါးသောင်းစီဖြင့် ကန်တော့ခဲ့ကြသည်။ ထို့နောက်ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)ဓာတုဗေဒပါမောက္ခ (ငြိမ်း)ဆရာကြီးဒေါက်တာမောင်ဒီ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ရူပဗေဒပါမောက္ခ (ငြိမ်း) ဆရာကြီးဒေါက်တာစိုးရင်၊ ဒဿနိကဗေဒပါမောက္ခ (ငြိမ်း) ဆရာမကြီး ဒေါ်ခင်နုနှင့်သတ္တဗေဒပါမောက္ခ (ငြိမ်း) ဆရာမကြီး ဒေါ်ခင်ထွေးမြင့်တို့က ဆုံးမဩဝါဒစကား မြွက်ကြားကြသည်။ ထို့နောက် ဒေါ်ခင်သန်းစိန်နှင့် ဒေါ်ချိုချိုထွန်းတို့က ကျောင်းသားကျောင်းသူအားလုံးကိုယ်စားဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားကြသည်။ ယခုနှစ် အာစရိယပူဇော်ပွဲ ပူဇော်ကန်တော့ငွေနှင့်လမ်းခရီးစရိတ်သိန်းပေါင်းကိုးဆယ်ကျော်ကိုဆရာကြီးဆရာမကြီး ၁၆၁ဦးတို့အား ပူဇော်ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကျုံဒိုးအထက အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့အထက၏ ပဌမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကျုံဒိုးအထက ခန်းမဆောင်၌စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူအသစ်၊ အဟောင်းများ အားလုံး တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ကိုအောင်ကျော်ဦး(ကျုံဒိုး)၊ ကိုသူရိန်ထွန်း(ကျုံဒိုး)၊ နော်ခင်ဝင်း ဖုန်း–၀၅၇–၂၅၀၇၄ (ကျုံဒိုး)၊ ဆရာ စောလှထွန်းတင် (ကော့ကရိတ်မြို့)၊ဒေါက်တာမျိုးအောင် ဖုန်း–၀၅၇–၂၁၈၃၆၊ မော်လမြိုင် ဖုန်း–၀၅၇–၂၃၃၆၄၊ ကိုမြတ်ကို ဖုန်း–၀၉–၅၁–၉၉၉၅၅(ရန်ကုန်)၊ကိုအလက်ဇန္ဒာ ဖုန်း–၀၉–၅၁–၂၃၅၀၂၊ ၇၂၅၀၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# အထူးတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်ဓမ္မာရုံကြီး၌ ညစဉ်၇နာရီမှစ၍ သဒ္ဓမ္မရံသီအထူးတရားပွဲကိုကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁၆ရက်တွင်သဒ္ဓမ္မရံသီအရှင်ဟိက္ခဓာရ (သုံးခွဆရာတော်)က လည်းကောင်း၊ ၁၇ ရက်တွင် သဒ္ဓမ္မရံသီ အရှင်ရာဇိန္ဒ (ရဝေနွယ်–အင်းမ) ဆရာတော်ကလည်းကောင်း၊ ၁၈ရက်တွင် သဒ္ဓမ္မရံသီ အရှင်ဥက္ကံသ(အင်းတိုင်)ဆရာတော်ကလည်းကောင်း၊ ၁၉ရက်တွင် သဒ္ဓမ္မရံသီ အရှင်ဝဏ္ဏိတ (ပဓာနနာယကဆရာတော်) ဂန္ဓာရုံကျောင်းတိုက် ကျိုက်ဝိုင်းဆရာတော်ကလည်းကောင်း၊ ၂၀ရက်တွင် သဒ္ဓမ္မရံသီ အရှင်သီရိဓမ္မ(ဓမ္မကထိက) သဒ္ဓမ္မရံသီရိပ်သာ ရှစ်မိုင်မရမ်းကုန်းမြို့နယ်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က–ပ)**

# ချမ်းမြေ့သရဖီစာကြည့်တိုက် ရွှေပြည်သာ၌ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သရဖီပန်းခြံ ချမ်းမြေ့သရဖီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ရက် နံနက် ၁၁ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးဇော်ဝင်းအောင်၊မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးဒေါ်ခင်မြအေး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလှဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** ထို့နောက် မြို့နယ် အတွင်းရေးမှူးက အမှာစကား ပြောကြားပြီး ဦးစီးမှူး ဒေါ်ခင်မြအေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားကြောင်းသိရသည်။**(မြို့နယ်ပြန်/ဆက်)**



# ရန်ကုန်တောင်ပိုင်းခရိုင်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ သန်လျင်မြို့နယ်က တွံတေးမြို့နယ်ကို အနိုင်ရဗိုလ်စွဲ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ (အကြီးတန်း)ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ဒီဇင်ဘာ ၄ရက်ညနေ ၃နာရီက သန်လျင်မြို့နယ် သီဟဒီပ အားကစားကွင်း၌ကျင်းပရာ သန်လျင်မြို့နယ် အသင်းက တွံတေးမြို့နယ်အသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

**ပေးအပ်ချီးမြှင့်**

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအုန်းမြင့်က ဒုတိယရရှိသော တွံတေးမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ သန်လျင်မြို့နယ်မှ ဦးစိန်လွင်က ဒုတိယရရှိသော တွံတေးမြို့နယ်အသင်းအား ငွေကျပ်သုံးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တွံတေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဇံသာက ပထမရရှိသော သန်လျင်မြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ သန်လျင်မြို့နယ်မှ ဦးမြင့်ဦးက ပထမရရှိသော သန်လျင်မြို့နယ်အသင်းအား ငွေကျပ်လေးသိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

**အကောင်းဆုံးဆု**

ဆက်လက်၍ သန်လျင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဌေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်ရွှေနှင့် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးလွင်တို့က နေရာအလိုက် အကောင်းဆုံးဆုနှင့် အကောင်းဆုံးအားကစားသမားဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းက ပထမရရှိသော သန်လျင်မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**





# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ပြင်ဦးလွင်ပြည်သူ့ဆေးရုံစစ်ဆေး အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော်ပြင်ဆင်မှုကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၆

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့်တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၅ရက် နံနက် ၁၀နာရီက ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြသည်။**

တိုင်းမှူးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသဆောင်များ တိုးချဲ့တည်ဆောက်နိုင်ရန်အတွက် ပြင်ဦးလွင်မြို့ စည်ပင်သာယာရေးအဖွဲ့ လွှဲပြောင်းပြီးမြေနေရာ ၆ ဒသမ ၀၄ဧကနှင့် ထပ်မံလွှဲပြောင်းပေးရန် မြေနေရာ ၂ ဒသမ ၅၇ဧကတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှနှင့် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သီတာဝင်းတို့က လိုက်လံရှင်းလင်းတင်ပြသည်။

## စံချိန်စံညွှန်းမီ

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံကြီး ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ တိုင်းမှူးအား အောင်ကောင်းကျော်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝေက ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီး၌ဆောက်လုပ်လျက်ရှိသော အလျားပေ ၁၂၀၊ အနံ ၅၇ ပေ၊ အမြင့် ၁၄ပေရှိ ခွဲစိတ်ခန်းနှင့် အလျား ၁၂၄ ပေ၊ အနံပေ ၅၀၊ အမြင့် ၁၄ပေရှိ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်းများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက အဆောက်အအုံများ သတ်မှတ်စံချိန်စံညွှန်းမီအောင် တည်ဆောက်ရေး၊ ဆောက်လုပ်ရေးပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးမှာကြားပြီး ဆေးရုံအတွင်းကြည့်ရှုစစ်ဆေးသည်။

## သတ်မှတ်ချိန်ပြီးစီးရေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ရောက်ရှိကြပြီး ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၅)နှစ်မြောက် စိန်ရတုနေ့တွင်ကျင်းပမည့် ပန်းပွဲတော်အခမ်းအနားပြင်ဆင်ထားရှိမှုကိုလည်းကောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ် အတွင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမျိုးသားအထိမ်းအမှတ် (National Landmarks Garden) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် တိုင်းမှူးက လုပ်ငန်းအရည်အသွေးမီစွာနှင့် သတ်မှတ်ချိန်ပြီးစီးရေးဆောင်ရွက်သွားရန် မှာကြားသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ငွေနှင့်ကြေးတစ်ခုစီရရှိ

**ရန်ကုန် ဒီဇင်ဘာ ၆**

၂၀၀၆ခုနှစ် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ဒီဇင်ဘာ ၁ရက်မှ စတင်၍ကျင်းပလျက်ရှိရာ အမျိုးသမီးအလေးမ ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အားကစားသမားဖြစ်သည့် ၇၅ကီလိုတန်းပြိုင်ပွဲတွင် မြစန္ဒာဦးသည် စုစုပေါင်းစံချိန်ကီလို၂၅၀ဖြင့် ဒုတိယရရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Lei Cao က စုစုပေါင်း စံချိန် ၂၇၂ကီလိုဖြင့်ပထမ၊ ကိုရီးယားသမ္မတနိုင်ငံမှ Kim Soon Hee က စုစုပေါင်း စံချိန်၂၄၆ကီလိုဖြင့် တတိယ အသီးသီးရရှိသည်။

အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ Regu ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းမှ တတိယရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲစတင်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သက်ဆိုင်ရာအားကစားကွင်းများ၌ ယနေ့ညနေပိုင်းတွင် စတင်ကျင်းပသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်အားကစားကွင်း(မင်္ဂလာဒုံ)၌ကျင်းပသော ပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ စလင်းအားကစားကွင်း(ကြည့်မြင်တိုင်)၌ကျင်းပသော ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မဟာဗောဓိဆရာတော်၏ ဩဝါဒခံယူပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ကျေးဇူးတော်ရှင် မဟာဗောဓိဆရာတော်အား ရပ်ဝေးရပ်နီး တပည့်များက စုပေါင်း၍ (၉)ကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ဩဝါဒခံယူပွဲကို ၁၃၈၆ခု ပြာသိုလပြည့်ကျော်၈ရက် (ဇန်နဝါရီ၁၀ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၈နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြပါရန် ပင့်လျှောက်ထားကြောင်း သိရသည်။ **(က-ပ)**



# ခေတ်မီနှစ်ထပ်မီးသတ်စခန်းတည်ဆောက်မှု ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် မီးသတ်စခန်း နေရာသစ်၌တည်ဆောက်လျက်ရှိသော ခေတ်မီနှစ်ထပ်မီးသတ်အဆောက်အအုံ တည်ဆောက်မှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဝန်ကြီးအား လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊အဆောက်အအုံတည်ဆောက်ရေးအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သတ်မှတ်ပုံစံအတိုင်း စံချိန်၊ စံညွှန်းနှင့် အရည်အသွေး ပြည့်မီစွာ အချိန်မီပြီးစီးအောင် တည်ဆောက်ရေး အတွက်မှာကြားသည်။ **(သတင်းစဉ်)**

# ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ဝင်များ ပဲခူးနှင့်တောင်ငူအကျဉ်းထောင်များသို့သွားရောက် ပစ္စည်းများလှူဒါန်းပြီးဆေးဝါးကုသပေး

**ရန်ကုန် ဒီဇင်ဘာ ၆**

ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ဝင်များသည် နိုဝင်ဘာ၂၉ရက်က ပဲခူးအကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းသား၊ အချုပ်သားများအတွက် ငါးဟင်းတစ်နပ်စာငွေ ၇၅၂၆၄ကျပ်နှင့် ငွေ ၁၄၇၃၆ကျပ်တန်ဖိုးရှိ ဆေးဝါးမျိုးစုံ စုစုပေါင်းငွေကျပ် ၉၀၀၀၀ဖိုး လှူဒါန်းခဲ့ပြီး ပဲခူးဆေးရုံအုပ်ကြီးနှင့် အဖွဲ့က အကျဉ်းသား၊ အချုပ်သား လူနာများအားဆေးကုသပေးခဲ့ကြောင်းသိရသည်။

အလားတူ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ဝင်များသည် နိုဝင်ဘာ ၃၀ ရက်တွင် တောင်ငူ အကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းသား၊ အချုပ်သားများအတွက် ငွေကျပ် ၁၈၁၂၇၀ တန်ဖိုးရှိ မုန့်မျိုးစုံ၊ဆေးဝါး၊စာအုပ်နှင့် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းခဲ့ပြီး အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ဆရာဝန်များက အကျဉ်းသား၊အချုပ်သား လူနာများအား ဆေးဝါးကုသပေးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ရတနတ္တယ သနင်္ဂဝတ်အသင်း ရွှေပြားသင်္ကန်းအလှူတော်တရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက်ရှိ ရတနတ္တယ သနင်္ဂဝတ်အသင်းသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား (၅၆)ကြိမ်မြောက် တန်ဖိုးငွေကျပ် ၁၂၈သိန်းကျော်ရှိ ရွှေပြားသင်္ကန်းတော်များကပ်လှူပွဲ ရေစက်ချအခမ်းအနား တရားပွဲများကို ဒီဇင်ဘာ၇ရက်မှ ၁၅ရက်အထိ အောင်မင်္ဂလာကျားကျောင်းဆရာတော် ဦးစရိယ၊ ရွှေပြည်သာအရှင်ဇဝန(မေတ္တာရှင်)၊ မိုးကုတ်မဟာအောင်မြေကျောင်း ဆရာတော် ဦးမာဃိန္ဒ၊ ဇေတဝန်ဓမ္မာရုံကျောင်း ဆရာတော် ဒေါက်တာသောပါက၊ သီရိဝေလာစာသင်တိုက် ပဓာနနာယက ဆရာတော် ဦးသိသုဿ၊ ပဲခူး ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ၊ မန္တလေးမြို့ သီတဂူကြယ်တစ်ပွင့် ဆရာတော် ဦးပညာနန္ဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်၊ သာကေတမြို့နယ် မိုးကုတ်အောင်ငြိမ်းချမ်းဆရာတော်တို့က သီရိလမ်းအတွင်း ညစဉ်၇နာရီမှစ၍ တရားရေအေးတိုက်ကျွေးမည်ဖြစ်သည်။

ဒီဇင်ဘာ၁၇ရက်တွင် ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်း၍ စာရေးတံမဲများ လောင်းလှူကာ ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ရွှေတောင်ကျောင်းဓမ္မရိပ်သာ ခုနစ်ရက် တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်း ရွှေတောင်ကျောင်းဓမ္မရိပ်သာ၌ ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ဥပနိဿယ သမထဝိပဿနာအကျင့် (၁၆)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို ဒီဇင်ဘာ၁၈ရက်မှ၂၆ရက်အထိကျင်းပမည်ဖြစ်ရာရိပ်သာပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သောဘိတ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)၊ ဦးဥဇ္ဇောတ (သာသနတက္ကသိုလ မဟာဓမ္မာစရိယ)၊ ဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ဆရာမကြီးဒေါ်ခင်အေး(စူဠအာဘိဓမ္မိကဝိသိဋ္ဌကလျာဏ ဥဘဏဓဇ)တို့က ဟောပြောပြသမည်ဖြစ်သည်။ စခန်းဝင်လိုသူများ အထက်ပါရိပ်သာ ဖုန်း-၆၆၇၉၆၄သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး ဒီဇင်ဘာ၁၈ရက် ညနေ၅နာရီ အရောက်လာရောက်ကြရန်နှိုးဆော်ထားသည်။ **(က-ပ)**

# မြန်မာ့ရုပ်မြင်သံကြား

**၇-၁၂-၂၀၀၆ ရက် (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၇။ အဆိုပြိုင်ပွဲ
၈:၁၅ ၈။ အကပဒေသာ
၈:၂၅ ၉။ နမ္မတီးတံတား(ကံလှ)
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဒဿနိကဗေဒ အထူးပြု) [ဒဿနိကဗေဒ]
၁၆:၅၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၁၀ ၆။ တေးဂီတအစီအစဉ်
၁၇:၂၅ ၇။ မြန်မာမှုပန်းဆယ်မျိုး (ပန်းတမော့)
၁၇:၃၅ ၈။ **"မနိုင်သောအရှုံး"** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အေဝမ်း-မောင်လှမျိုး)
၁၇:၄၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သီရိဂေဟာ
၁၉:၀၀ ၁၃။ စိမ်းလန်းစိုပြည်အပူပိုင်းဒေသနယ်မြေ (စစ်ကိုင်းတိုင်း)
၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၃)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ပထမချစ်ပုံပြင်"** (အပိုင်း-၂၃)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

# ကမ္ဘာတစ်လွှား အားကစား

## အာရှအားကစားပြိုင်ပွဲ မြင်ကွင်းအဖုံဖုံ

**ရေးသားတင်ပြသူ မြင့်မောင်စိုး**

ဒိုဟာ ဒီဇင်ဘာ ၆

**(၁၅)ကြိမ်မြောက် ဒိုဟာအာရှအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားကြရာ သဲသောင်ပြင်ဘော်လီဘော အမျိုးသားပွဲစဉ်တွင် တရုတ်နိုင်ငံမှ ဂူပန်ဂျင်နှင့် ရှုလင်ရင်တို့အတွဲသည် အိုမန်မှ အယ်ဖာစီအီဘရာ ဟင်နှင့် အယ်မက်ဘာလီတို့အတွဲကို နှစ်ပွဲပြတ်ဖြင့် နိုင်ခဲ့သည်။ ယင်းတရုတ်နိုင်ငံမှ သဲသောင်ပြင် ဘော်လီဘောကစားသမားများသည် လာမည့်ပွဲတွင် အင်ဒိုနီးရှားအဖွဲ့နှင့် ယှဉ်ပြိုင်မည်ဖြစ်သည်။**

### ကြက်တောင်

တရုတ်နှင့် ဂျပန် အမျိုးသမီးကြက်တောင်ရိုက်အဖွဲ့သည် တောင်ကိုရီးယားနှင့် စင်ကာပူတို့ကို အသီးသီး အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

လက်ရှိချန်ပီယံ တရုတ်အမျိုးသမီး ကြက်တောင်ရိုက်အားကစားအဖွဲ့က တောင်ကိုရီးယားအဖွဲ့ကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့သည်။ ထို့အတူ ဂျပန်အသင်းသည်လည်း စင်ကာပူကို သုံးပွဲပြတ်ဖြင့် နိုင်ခဲ့သည်။

### အမျိုးသမီးဘောလုံး

တရုတ်အမျိုးသမီး ဘောလုံးအသင်းသည် ဂျော်ဒန်အသင်းကို ၁၂ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။



**အမျိုးသား ၆၄ ကီလိုတန်း စူပါ လိုက်ဝိတ် လက်ဝှေ့ပြိုင်ပွဲတွင် တောင်ကိုရီးယားမှ ရှင်မြိုင်ဟွန်း (ဝဲ)နှင့် ဖိလစ်ပိုင်မှ ဒယ်လ်ဖင်ဘိုဟို့စ်တို့ ဤသို့အကြိတ်အနယ်သူတင် ကိုယ်တင် ထိုးသတ်ခဲ့ကြသည်။** (ဓာတ်ပုံ–အင်တာနက်)

### သေနတ်ပစ်

အမျိုးသားမီတာ ၅၀ ရိုင်ဖယ် သေနတ်ပစ်ပြိုင်ပွဲတွင် တရုတ်မှ ရှုဂန်က နိုင်ငံတကာပွဲတွင် ပထမဆုံးရွှေဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီးမီတာ ၅၀ ရိုင်ဖယ်သေနတ်ပစ်ပြိုင်ပွဲတွင် ကာဇက်စတန်မှ အော်ဂါဒိုဂမ်က ရွှေတံဆိပ်၊ ထိုင်းမှ ငွေ၊ တရုတ်မှ ကြေးတံဆိပ်များ ဆွတ်ခူးခဲ့သည်။

အမျိုးသမီးအသင်းလိုက် မီတာ ၅၀ ရိုင်ဖယ် သေနတ်ပစ်ပြိုင်ပွဲတွင် ထိုင်းက ရွှေ၊ တရုတ်ကငွေရပြီး ကာဇက်စတန်က ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### စက်ဘီး

အမျိုးသားတစ်ဦးချင်း စက်ဘီးစီးပြိုင်ပွဲတွင် တရုတ်မှ ဆောင်ဘော်ကျင်းက ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီးတစ်ဦးချင်း စက်ဘီးစီးပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ ဟာဂျစ်ဝါရာက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ယင်း ပြိုင်ပွဲတွင် တရုတ်မှ ငွေရပြီး တောင်ကိုရီးယားမှ ကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။



**အမျိုးသားတစ်ဦးချင်း စက်ဘီးစီးအားကစားပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ဆောင်ဘော်ကျင်း ပန်းဝင်လာစဉ်။** (ဓာတ်ပုံ–အင်တာနက်)

### ရေကူး

အမျိုးသားမီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် တောင်ကိုရီးယားမှ ပတ်တေဟွမ်းက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ရှုရန်ဝေယက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ယင်း ပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ပန်ကိုရာရင်က ငွေရပြီး ဂျပန်မှ ကာအိုဒီရာမာရာက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။



**အမျိုးသား မီတာ ၄၀၀ အလွတ်ရေကူးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော တောင်ကိုရီးယားမှ ပတ်တေဟွမ်းနှင့် ရွှေတံဆိပ်။** (ဓာတ်ပုံ–အင်တာနက်)

အမျိုးသား မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ ဂျွန်နိုချိမီယာရှီတာက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

ဒိုဟာ အာရှအားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ လက်ရှိအနေအထားအရ တရုတ်နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်သော အားကစားသမားများသည် ရွှေတံဆိပ်ဆု အများဆုံး ဆွတ်ခူးလျက်ရှိပြီး ဂျပန်က ဒုတိယလိုက်ကာ တောင်ကိုရီးယားက တတိယဆုတံဆိပ်အများဆုံး ဆွတ်ခူးထားကြောင်း သိရသည်။ **(အင်တာနက်)**

## ချန်ပီယံလိဂ်အုပ်စု နောက်ဆုံးပွဲများယှဉ်ပြိုင် ချယ်လ်ဆီးနှင့် ဘာစီလိုနာ နောက်တစ်ဆင့်တက်လှမ်း

**စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ**

မက်ဒရစ် ဒီဇင်ဘာ ၆

**ချန်ပီယံလိဂ်ပွဲစဉ်(၆) နောက်ဆုံးအုပ်စု ပြိုင်ပွဲများကို ဒီဇင်ဘာ ၅ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးနှင့် ဘာစီလိုနာတို့ ပြိုင်ဘက်အသင်းများကို အသီးသီးအနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ် နောက်တစ်ဆင့် တက်ခဲ့ကြပြီဖြစ်သည်။**

ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ လက်ဗ်စကီဆိုဖီယာအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အုပ်စု(က)တွင် အုပ်စုဗိုလ်ရခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးများကို ပေါင်သန်း ၃၀တန် တိုက်စစ်မှူး ရှက်ဗ်ချင်ကိုနှင့် ရိုက်ဖီးလစ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်တွင် ခြောက်ပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် စုစုပေါင်းရမှတ် ၁၃မှတ် ရရှိကာ အုပ်စုဗိုလ်ရခဲ့သည်။

### တက်လှမ်း

ထိုနေ့က ယင်း (က)အုပ်စုမှ လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းသည် အိမ်ကွင်း၌ ဝါဒါဘရီမင်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး အုပ်စုဒုတိယဖြင့် နောက်ဆုံး ၁၆သင်း ပြိုင်ပွဲ တက်လှမ်းနိုင်ခဲ့သည်။

### ဆုံးဖြတ်

ဘာစီလိုနာတို့ အိမ်ကွင်း၌ လက်ရှိချန်ပီယံအဆင့်ကို ဆက်ထိန်းရမည် ဆိုသော မျှော်လင့်ချက်ဖြင့် ဝါဒါဘရီမင်ကို အနိုင်ယူရန် ဆုံးဖြတ်ကစားခဲ့သည်။ ဘာစီလိုနာအတွက် အနိုင်ဂိုးနှစ်ဂိုးစလုံးကို ပထမပိုင်း ၁၈မိနစ် အတွင်းမှာပင် သွင်းယူနိုင်ခဲ့သည်။ အနိုင်ဂိုးများကို ပွဲစပြီး ၁၃မိနစ်တွင် ရော်နယ်ဒင်ဟိုကလည်းကောင်း၊ ပွဲချိန် ၁၈မိနစ်တွင် ဂတ်ဂျွန်ဆင်ကလည်းကောင်း သွင်းပေးနိုင်ခဲ့သည်။

ဝါဒါဘရီမင်အသင်းသည် ခြေစွမ်းရှိ အသင်းကောင်း တစ်သင်းဖြစ်သော်လည်း ဘာစီလိုနာတို့၏ ခိုင်မာသော နောက်တန်းကို ကျော်လွှားနိုင်ခြင်းမရှိဘဲ ပွဲအပြီး နှစ်ဂိုး–ဂိုးမရှိဖြင့် အရှုံးပေးခဲ့ရသည်။

### အုပ်စုဒုတိယ

ဘာစီလိုနာအသင်းသည် ခြောက်ပွဲကစား သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးပြီး ရမှတ် ၁၁မှတ်ဖြင့် အုပ်စုဒုတိယ ရရှိခဲ့သည်။



**ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ(ယာ)၏ ထိုးဖောက်မှုကို လက်ဗ်စကီဆိုဖီယာ ကစားသမားများက ဤသို့ ဟန့်တားခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

အုပ်စု(ခ)မှ ဘိုင်ယန်မြူးနစ်အသင်းသည် အင်တာမီလန်အသင်းကို တစ်ဂိုးစီ သရေကစားပြီး နောက်ဆုံး ၁၆ သင်းအဆင့်သို့ တွဲခေါ်လာသည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ခြောက်ပွဲကစား သုံးပွဲနိုင်၊ သုံးပွဲသရေဖြင့် ရမှတ် ၁၂မှတ် ရရှိကာ အုပ်စုဗိုလ်ရခဲ့သည်။ အင်တာမီလန်အသင်းသည် ခြောက်ပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးပြီး ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုဒုတိယရခဲ့သည်။

### အုပ်စုဗိုလ်

အုပ်စု (ဂ)မှ လီဗာပူးအသင်းသည် ဂါလာတာစာရေးအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်သည်။ သို့သော်လည်း လီဗာပူးအသင်းသည် အုပ်စုဗိုလ်ဖြင့် နောက်ဆုံး ၁၆သင်း တက်နိုင်ခဲ့ပြီဖြစ်သည်။ လီဗာပူးတို့ ခြောက်ပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ် ၁၃ မှတ်ရရှိခဲ့သည်။ လီဗာပူးနှင့် တစ်အုပ်စုတည်းကျသော ပီအက်စ်ဗွီအသင်းမှာ အိမ်ကွင်း၌ ဘိုဒေါ့အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အုပ်စုဒုတိယဖြင့် နောက်ဆုံး ၁၆သင်း အဆင့်သို့တက်လာသည်။ ပီအက်စ်ဗွီအသင်းသည် ခြောက်ပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးကာ ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုဒုတိယရခဲ့သည်။ အုပ်စု (ဃ)မှ ဗလင်စီယာအသင်းသည် အဝေးကွင်း၌ ရိုးမားကို တစ်ဂိုး–ဂိုးမရှိဖြင့် အရှုံးပေးပြီး နောက်ဆုံး ၁၆ သင်းပြိုင်ပွဲသို့ တွဲခေါ်လာသည်။



**ဘာစီလိုနာအသင်းအတွက် ရော်နယ်ဒင်ဟို အဖွင့်ဂိုး သွင်းပေးပြီး ဤသို့ အောင်ပွဲခံခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

### လိုက်လာ

ဗလင်စီယာအသင်းသည် ခြောက်ပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးပြီး ရမှတ် ၁၃ မှတ်ဖြင့် အုပ်စုဗိုလ်ရခဲ့သည်။ ရိုးမားအသင်းသည် ခြောက်ပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယဖြင့် လိုက်လာခဲ့သည်။

**(အင်တာနက်)**

IADCS
Year II (International Advanced Diploma in Computer Studies)
KMD Computer Centre
Commencing Date :: 9. December 2006 (7:00 - 3:00) Sat & Sun
• IDCS နှင့် Diploma in IT ...
• ... Software Engineer, Project Manager, System Analyst ... (BSc (Hons) Computing Degree) ... KMD ...

## လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းနေ
ဦးသန်းစိုး–ဒေါ်နုနုတို့၏သားကြီး

**ဒေါက်တာလျှံဝင်းစိုး M.B.,B.S (YGN)**

**သရုပ်ပြ၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၂)**

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၃၉(ဘီ)နေ
ဦးထွန်းရင်(လက်ထောက်အင်ဂျင်နီယာ၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)–ဒေါ်မြင့်မြင့်ကြည်
တို့၏သမီးထွေး

**ဒေါက်တာထွေးထွေး M.B.,B.S (YGN)**

တို့၏ ၆–၁၂–၂၀၀၆ရက်တွင် မဟာစည် သာသနာ့ရိပ်သာ၌ ကျင်းပသည့် မင်္ဂလာဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာလျှံဝင်းစိုး–ဒေါက်တာထွေးထွေး။**

**ကျေးဇူး ဆပ်ပါမည်** ၅က/၅၇၃၃၈၏ မှတ်ပုံတင်စာအုပ်၊ဓာတ်ဆီဝယ်ယူခွင့်စာအုပ်နှင့် အခြားအခွန်စာရွက်စာတမ်းများသည် ကျပျောက်သွားပါ၍ လက်ဝယ်ရရှိသူသည် အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဦးဂူတင်ရင် ဖုန်း–၀၉–၉၉၂၂၃၆၃၊ ၆၈၅၃၃၅၊ ၆၈၅၃၆၂။**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် အောက်ဖော်ပြပါ ဝါဂွမ်းကုန်ကြမ်းများအား အိန္ဒိယနိုင်ငံ (သို့မဟုတ်) တရုတ်နိုင်ငံမှ နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

TENDER NO; 9/MTI/2006-2007
ISSUE DATE; 23.11.2006
CLOSING DATE ; 14.12.2006

| SR.NO | DESCRIPTION | | A/U | QUANTITY |
|---|---|---|---|---|
| 1. | **MEDIUM STAPLE RAW COTTON (36/32) INCH MIN; SPECIFICATIONS** | | MT | 250 |
| | (a) GRADE | ; | STRICT MIDDLING | |
| | (b) STAPLE LENGTH | ; | MIN(36/32) INCH (HAND STAPLE) | |
| | (c)FIBRE BUNDLE | ; | NOT LESS THAN 75000 PSI (ZERO GAUGE LENGTH PRESSLEY TESTER) (OR) NOT LESS THAN 32.61 g / TEX (ZERO GAUGE LENGTH) STEL - OMETER | |
| | (d) FINENESS | ; | UG 4.5 MICRO-GRAM PER INCH (MICRONAIRE READING SPINLAB PORT-AR) | |
| | (e) NON-LINT CONTENT | ; | NOT MORE THAN 3% (SHIRLEY ANA-LYSER METHOD) | |
| | (f) UNIFORMITY RATIO | ; | 46 AND ABOVE (DIGITAL FIBROGRAPH METHOD) | |
| | (g) COLOUR | ; | WHITE (SPINLAB COL-OUR METER 830) | |
| | (h) MOISTURE REGAIN | ; | 8.5% (OVEN METHOD) | |

၂။ SAMPLE (TWO) LBS အား တင်ဒါဈေးနှုန်းတင်သွင်းစဉ် တစ်ပါတည်းတင်ပြရမည်ဖြစ်ပြီး SAMPLE မတင်ပြနိုင်သော ကုမ္ပဏီအား လုံးဝ ထည့်သွင်း၍ စဉ်းစားမည်မဟုတ်ပါ။

၃။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန နေပြည်တော်သို့ ၁၄–၁၂–၂၀၀၆ရက် ၁၆:၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၃–၁၁–၂၀၀၆ရက်မှ စတင်၍ အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်–

**အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**မြန်မာ့အထည်အလိပ်လုပ်ငန်း**
**ရောင်းဝယ်ရေးဌာန**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်းနံပါတ်–၅၆၁၈၅၂၊ ၅၇၉၀၃၇။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## တက္ကသိုလ်/ကောလိပ်/သိပ္ပံများ၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက်
## ကျောင်းဖွင့်ရက်ကြေညာခြင်း

သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ အစိုးရကွန်ပျူတာကောလိပ်များနှင့် အစိုးရနည်းပညာကောလိပ်/သိပ္ပံများတွင် ၂၀၀၆–၂၀၀၇ပညာသင်နှစ်အတွက် သင်တန်းများအားလုံးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**စတင်ဖွင့်မည့်နေ့ – ၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် (သောကြာနေ့)**

**စတင်လက်ခံမည့်နေ့ – ၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် (တနင်္လာနေ့)**

အသေးစိတ်သိလိုပါက သက်ဆိုင်ရာ တက္ကသိုလ်/ကောလိပ်/သိပ္ပံများရှိ ကျောင်းသားရေးရာဌာနများ၌ စုံစမ်းမေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။**



| | | |
|---|---|---|
| [illegible] | လွမ်းအောင်ချယ်တတ်သူ | [illegible] |
| [illegible] | လွမ်းအောင်ချယ်တတ်သူ | [illegible] |
| [illegible] | လွမ်းအောင်ချယ်တတ်သူ | [illegible] |
| [illegible] | ရွှေမြို့သည် | [illegible] |
| [illegible] | CASINO ROYALE | DANIEL CRAIG, EVA GREEN, MADS MIKKELSEN, JUDI DENCH |
| [illegible] | လွမ်းအောင်ချယ်တတ်သူ | [illegible] |
| [illegible] | လွမ်းအောင်ချယ်တတ်သူ | [illegible] |




ဦးအောင်မင်းထွဋ်
-Translation

ကျောင်းသန့် သခင်များသို့ (၃)

ဝံ–ဇာတ်ဘဲ

Y.E.S. Since 1994
Basic Spoken English: Dec - 11, 18, 23, 26, Jan - 2
Pre - Intermediate English : Dec - 18, 23, 26
Structure & Written Expression : Dec - 16
Basic Writing Course : Dec - 26, Jan - 2
Issues in Writing Course, IELTS : Dec - 2, 9
TOEFL: Jan-2007, SAT, AWC, API, IE, VEC, GPC

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် UNICEF (Yangon)တို့၏



**အမည်ပြောင်း** ဦးကိုကိုနိုင် ၁၂/အစန(နိုင်)၁၅၀၂၃၁ ၏သမီး ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း ပဉ္စမတန်း(ဈ)မှ မဇွဲနန္ဒာမောင်အား ယနေ့မှစ၍ မစောဆုရှင်ဟု ပြောင်းလဲခေါ်ပါရန်။ **မစောဆုရှင်။**

**အမည်ပြောင်း**

တာချီလိတ်မြို့၊ အမှတ် ၁၈၂၊ အပိုင်း(ခ) မယ်ခေါင်နေ (ဘ)ဦးဇော်ဝင်းစိုး ၁၃/တခလ(နိုင်)၀၀၁၃၂၀ ၏သမီး မချောစုသွယ်အား မဖြိုးသီရိဟု ပြောင်းလဲခေါ်ပါရန်။ **မဖြိုးသီရိ။**

## ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၆**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ပြည်တွင်း ပြည်ပ သာသနာပြု ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တ သောဘဏ (ဒီဃနိကာယကောဝိဒ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ပိဋကတစ်ပုံအောင်သည် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ ဗုဒ္ဓဓမ္မဗိမာန် ဓမ္မာရုံကြီးတွင် ဒီဇင်ဘာ ၁၀ရက်မှ ၁၆ရက်အထိ ခုနစ်ရက်တိုင် ညနေ ၆နာရီမှစတင်၍ ဟောကြားပြသမည်ဖြစ်သည်။ **(က–ပ)**

ကျောင်းသူ/သားတက်ရောက်နိုင်သော တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်

Business Administration, and Travel, Tourism & Hospitality (ABE,UK)

- (၂)နှစ်နီးပါးကြာမြင့်သော Pre-University Course, University Foundation Course, Bridging Course, University Access Course, GCE "O" "A" ...
- (MHR) ...

MHR, 905, 9th Floor, Thanzay Condo, Lanmadaw Street. Ph: 707822, 09510 3747, 09501 0742

**လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း**



## ပူဇော်

ပျော်ဘွယ်မြို့ အထက (ပန်းစုံ) ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၈ ရက်က မြင်းဘက်ရပ် ရွှေစေတီဘုရား ဓမ္မာရုံ၌ ကျင်းပစဉ်။ (၂၅၀)



# ကျောင်းကုန်းမြို့၌ ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် တိုးချဲ့ဆောင် အုတ်မြစ်ချပွဲကျင်းပ

ကျောင်းကုန်း ဒီဇင်ဘာ ၅

**ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပရိယတ္တိမူလတန်းလွန် နှစ်ထပ်ကျောင်းဆောင်သစ် တိုးချဲ့ဆောင် အုတ်မြစ်ချပွဲ မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၉ရက် နံနက် ၉နာရီက ဇရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် မဟာဝိသုတာရာမကျောင်းတိုက်(ဥယျာဉ်ကြီးကျောင်း)ရှိ အဆိုပါကျောင်းဆောင်သစ်ဆောက်မည့်နေရာတွင် ကျင်းပသည်။**

အခမ်းအနားတွင် နှစ်ထပ်ကျောင်းဆောင်သစ် အုတ်မြစ်ကို ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တပဏ္ဍိစ္စနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်ပညာရေးမှူးဦးတင့်ဆွေတို့က ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်များဖြင့် အုတ်မြစ် ချပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ ၈၀၊ အနံပေ ၃၀၊ သွပ်မိုးအာရ်စီလောင်း၊ သမံတလင်းခင်း၊ အုတ်ပတ်ကားဖြင့် ငွေကျပ်သိန်းပေါင်း ၄၀၀ အကုန်အကျခံ ဆောက်လုပ်လျက်ရှိသည်။

သို့ဖြစ်၍ နှစ်ထပ်ကျောင်းဆောင်သစ် အမြန်ဆောက်လုပ်နိုင်ရေးအတွက် ရပ်ဝေးရပ်နီးမှ အလှူရှင်များ လှူဒါန်းလိုပါက မဟာဝိသုတာရာမကျောင်းတိုက် ဖုန်း-၀၄၆-၄၀၁၃၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၂၆၅)**



## သြဝါဒစကားပြောကြား

၁၉၉၄ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ် (လျှပ်စစ်စွမ်းအား) အင်ဂျင်နီယာဘွဲ့ရ ကျောင်းသားဟောင်းများ၏ အာစရိယ ပူဇော်ပွဲကို နိုဝင်ဘာ ၁၂ရက်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Mi Casa ဟိုတယ်၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ ကိုယ်စား ပါမောက္ခဒေါက်တာ ဘမြင့်က အဖွင့်သြဝါဒစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

# ဗန်းမော်ခရိုင် အခွန်ဦးစီးဌာနမှူး ရုံးသစ်ဖွင့်

ဗန်းမော် ဒီဇင်ဘာ ၂

**ဗန်းမော်ခရိုင်အခွန်ဦးစီးဌာနမှူးရုံးသစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ၂၇ရက် နံနက် ၈နာရီခွဲက ရုံးသစ်ရှေ့၌ ကျင်းပရာ ဗန်းမော်ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုးဝင်းနှင့် ကချင်ပြည်နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်ဝင်း တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**

### တက်ရောက်

ထို့နောက် ခရိုင် အခွန်ဦးစီးဌာနမှူး ဦးဂျွန်စိန်ဂီက ရုံးသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံငယ် ပေးအပ်ရာ ရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

### ဖွင့်လှစ်

အလားတူ ဗန်းမော်ခရိုင် ရွှေကူမြို့နယ် အခွန်ဦးစီးဌာနမှူး ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက် နံနက် ၁၀နာရီက ရုံးသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရည်မွန်နှင့် ခရိုင်အခွန်ဦးစီးဌာနမှူး ဦးဂျွန်စိန်ဂီ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အခွန်ဦးစီးဌာနမှူးရုံး ဝန်ထမ်းများ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

**သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသည့် အလွမ်းဆွတ်-ဆိပ်ကြီး ကျေးလက် မြေသားလမ်းခင်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်မြင့်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



**ရေးမြို့ သီရိနန္ဒာ(အဏ္ဏဝါ)ရပ်ကွက် ပြည်သူများ သောက်သုံးရေ သုံးစွဲနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တူးဖော်ဆောင်ရွက်ပေးသော လေးလက်မစက်ရေတွင်း ရေထွက်ရှိမှုနှင့် ရေထွက်နှုန်းတို့ကို နိုဝင်ဘာ၁၀ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးစိုးလွင်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)



## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**နတ်တော်လပြည့်ကျော် ၄ ရက်**
**၈-၁၂-၂၀၀၆(သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ကုန်ကျစရိတ်နည်းပြီး ပဲမျိုးစုံအထွက်တိုးနည်း)
၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂း၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ချွေးအောင်း ချွေးထုတ်ခြင်း အကြောင်း သိကောင်းစရာ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ရင်ခွင်ရိပ်မှ ဝေးရာဆီ)

**ညနေပိုင်း**

၁၆း၁၀ ရာသီခါမီ တေးပန်းချီ
(၁) မျှော်သဇင် (မြသက်မူ)
(၂) ဆောင်းရယ်နှင်းရယ်ချစ်သူရယ် (တွံတေးသိန်းတန်)
(၃) ဆောင်းမမ (နွဲ့ယဉ်ဝင်း)
၁၆း၃၀ ဟောပြောချက် (တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု)
၁၇း၃၀ မေတို့ရေးရာသိမှတ်စရာ (သီရိသုဓမ္မသီဂီ ဒေါ်တင်နွယ်ဦးနှင့် တွေ့ဆုံဆွေးနွေးခန်း)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အခုကြိုက်သွားပြီ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (နှလုံးနှင့် သွေးကြောစောင့်ရှောက်မှု အကြောင်း-တတိယပိုင်း) (မောင်ဆုရှင်)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မေတ္တာအသည်းလေးများ (စန္ဒရားချစ်ဆွေ)
(၂) သစ္စာပန်းတစ်ခက် (ချိုပြုံး)
(၃) နှလုံးသားအပိုမပါပြီ (လှမြင့်ဝင်း)



**တောင်သာမြို့နယ်တွင် မြို့တွင်း ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် နိုဝင်ဘာ၁၅ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကြင်အေး ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ် စည်ပင်)

# အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ စွမ်းဆောင်ရည် မြင့်မားရေးသင်တန်း ပင်းတယ၌ဖွင့်

**ပင်းတယ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယ မြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်နံနက် ၈နာရီက မြို့လယ်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိုးက အမှာစကား ပြောကြားပြီး သင်တန်းမှူး ဦးသန့်ရှင်းမောင်က သင်တန်း စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၁၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၀ရက်မှ ဒီဇင်ဘာ ၁၅ရက် အထိဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ပညာပေးဟောပြော

**ဒီပဲယင်း နိုဝင်ဘာ ၁၆**

ဒီပဲယင်းမြို့နယ်တွင် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ၁၀ရက် နံနက်ပိုင်းက တောကျောင်း ကျေးရွာအုပ်စု မုန်သာကျေးရွာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရွှေဘိုခရိုင် ဥပဒေအရာရှိ ဦးမြရှိန်၊ မြို့နယ်ဥပဒေ အရာရှိ ဦးမင်းဆွေ၊ ဒီပဲယင်းမြို့မ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မျိုးအောင်တို့က လောင်းကစားမှု တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး ဥပဒေ၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လူသတ်မှုစသော အမှုကြီးများ မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ရေးတို့ကို ပညာပေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘနှစ်ပါးဖြစ်သော ဒေါက်တာ ဘားမား–ဒေါက်တာ အင်ဒီရာဘာရာဒွါဂျာတို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၂၃လမ်း၊ အမှတ် (၄၆)နေ သားဖြစ်သူ ဦးခင်မောင်ဦးက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းသို့လှူဒါန်းရာ အမှူဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒနီ) က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ချီးမြှင့်တော်မူစဉ်။ (က–ပ)

## မိုးကုတ်သံဝေဇနီယ ဓမ္မပူဇာတရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေးကျောင်းတိုက်(မိုးကုတ်သံဝေဇနီယ ဓမ္မပူဇာအဖွဲ့)တွင် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ (၁၃) ကြိမ်မြောက် မိုးကုတ် သံဝေဇနီယ ဓမ္မပူဇာ (နေ့) တရားစခန်းကို နေ့စဉ်နံနက် ၈နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏ တရားတော်နှင့် လုပ်ငန်းစဉ်များကို နာယူကျင့်ကြံ အားထုတ်ကြမည်ဖြစ်ရာ ကျောင်းထိုင်ဆရာတော် ဦးဝိမလနှင့် ဆရာမ ဒေါ်အေးခိုင်(ဆုထူးပန်အဘိဓမ္မာ)တို့က တရားတော် အနှစ်ချုပ် ၃၁ စောင် ဖြန့်ဝေ၍ ကြိုတင်ရှင်းလင်း ဆွေးနွေးပေးမည် ဖြစ်ရာ တရားစခန်း ဝင်လိုသူ ယောဂီများ ကျောင်းတိုက် ဖုန်း–၃၈၂၂၈၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**



**ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံ ဘုရားလမ်း အမှတ်(၇၂) နေ ဦးမြင့်ကြည် နှင့် မိသားစု (မျိုးဆက်သစ် ဆောက်လုပ်ရေး ပစ္စည်းရောင်း ဝယ် ရေး) က ဦးမြင့်ကြည် မွေးနေ့ အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## နွားထိုးကြီးမြို့နယ် ထွေ/အုပ် မိသားစုနေ့ကျင်းပ

**နွားထိုးကြီး နိုဝင်ဘာ ၁၂**

နွားထိုးကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မိသားစုနေ့အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလည်ကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တပုညသိရီနှင့် ဆရာတော် ငါးပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

**ထောက်ပံ့**

ထို့နောက် နေ့လယ်ပိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး စံပြထူးချွန်ဝန်ထမ်းနှင့် ပညာရည်ထူးချွန်သော ဝန်ထမ်းသားသမီးများကို ဆုငွေများချီးမြှင့်၍ စာရေးကိရိယာများ ထောက်ပံ့ပေးသည်။ **(၂၁၃)**

## အရန်သားဖွားသင်တန်း ယင်းမာပင်မြို့၌ဖွင့်

**ယင်းမာပင် နိုဝင်ဘာ ၂၆**

အရန်သားဖွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ရက်က ယင်းမာပင်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဦးလေးအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**



**အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင် ပရိယတ္တိ စာသင်တိုက်အတွင်း ထာဝရ ရေပဒေသာပင် ၁၀၀၀ စိုက်ထူလှူဒါန်းမည် ဖြစ်ရာ ရေပဒေသာပင် တစ်ပင်လျှင် ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် ၁၀ ပင်အတွက် ငွေကျပ် ၁၂၀၀၀၀ ကို ဒေါ်ရှုရင်အနှစ်(၃၀)ပြည့်အား ရည်စူး၍ အမှတ် ခ/၆၆၆ မဟာမြိုင်ကျောင်းလမ်း အောင်ဆန်းရပ်ကွက် အင်းစိန်မြို့နယ်နေ ဦးမောင်စိန်မိသားစုက ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သူရိယထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

**မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့မဈေးရှေ့ ပန်းအလှပင်စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းကို နိုဝင်ဘာ ၁၀ ရက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးဌေးကို ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)





**ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း သန့်ရှင်းလတ်ဆတ်သော သားငါးများရောင်းချရေး၊ ယင်လုံဆန်ခါ ဖုံးအုပ်ရောင်းချရေးနှင့် အစားအစာများ ကျန်းမာရေးနှင့်အညီ သတ်မှတ်ချက်များအတိုင်း လိုက်နာရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး ဦးစိုးပိုင်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဒေါ်မြင့်မြင့်မူတို့ နိုဝင်ဘာ ၈ ရက်က ပညာပေးရှင်းလင်းပြောကြားကြစဉ်။** (မြို့နယ်စည်ပင်)

## စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ငါန်းဇွန်၌သင်တန်းဖွင့်

**ငါန်းဇွန် နိုဝင်ဘာ ၂၃**

စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး သင်တန်းအမှတ်စဉ်(၃/၂၀၀၆) ဖွင့်ပွဲနှင့် စာအုပ်၊ ရေဒီယိုလှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ရက် နံနက် ၁၀ နာရီက ငါန်းဇွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်နိုင်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အမှာစကားပြောကြားပြီး အလှူရှင်များက လှူဒါန်းသော ရေဒီယိုနှင့် စာအုပ်များကို ကျေးရွာများသို့ ပေးအပ်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြို့နယ်သတင်းများ



**လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆ – ၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသော မောင်းမကန် ဈေးလမ်း ကတ္တရာ ခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၄ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမြင့်စိုး ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးပြည်ထွန်းက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးနှိုးဆော်ချက်

၁။ ရောဂါပိုးများပါရှိသည့်ရေနှင့် အစားအသောက်များ စားသောက်မိခြင်းကြောင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားပါသည်။ မိုးဦးကျကာလတွင် ပိုမိုဖြစ်ပွားလေ့ရှိသော်လည်း ရာသီမရွေး၊ အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ဆောလျင်စွာ ကုသမှုမခံယူပါက အသက်သေဆုံးသည်အထိ အန္တရာယ်ရှိပါသည်။

၂။ **ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများမှာ–**

(က) ဗိုက်နာကျင်ခြင်းမရှိဘဲ ဝမ်းအရည်များများသွားခြင်း

(ခ) ဝမ်းသွားသည်ကို ခံစားသိရှိခြင်းမရှိဘဲ အရည်များသွားခြင်းတို့ဖြစ်ပြီး တစ်ကြိမ်၊ နှစ်ကြိမ် ဝမ်းသွားရုံနှင့် ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ကုန်ဆုံး၍ အသက်ကို ဆုံးရှုံးနိုင်ပါသည်။

၃။ **ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားရန်–**

(၁) ရေကိုကျိုချက်၍ သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်း၊ ရေကန်စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၇) ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲပါ။

၄။ **ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားလျှင် အသက်ဆုံးရှုံးမှုမှ ကာကွယ်ရန်–**

ဓာတ်ဆားထုပ်ကို သန့်ရှင်းသောရေ သို့မဟုတ် ရေကျက်အေးဖြင့် အညွှန်းအတိုင်း အတိအကျဖျော်၍ သောက်သုံးပြီး နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန။**

# နိုင်ငံတော်၌ စားနပ်ရိက္ခာဖူလုံပိုလျှံပြီး နောင်တိုးပွားလာမည့် လူဦးရေ သန်း ၁၀၀ အတွက် စပါးတင်း သန်း ၁၅၀၀ ထွက်ရှိအောင် သီးနှံအထွက်တိုးရေးနှင့် စိုက်ဧကတိုးချဲ့ရေးဆောင်ရွက် စစ်တောင်းနှင့် မြစ်မခမြစ်ဝှမ်း ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး တောင်သူလယ်သမားများအတွက် အကျိုးရှိသည့်လုပ်ငန်းဖြစ်၍ အချိန်တိုအတွင်း အကောင်အထည်ဖော်

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၀၆)ကို ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီက ပဲခူးတိုင်း ပဲခူးမြို့ ဆည်မြောင်းဦးစီးဌာန ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

***စာမျက်နှာ ၉ ကော်လံ ၁*** ❐

## ချောင်းမကြီး ရေလှောင်တမံ မြင်ကွင်း

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ခဲ့ပြီး ပျဉ်းမနားမြို့နယ် လက်ထောက်ညွှန်ကြားရေးမှူး (ထိန်းသိမ်းရေး)ရုံးမှ စောင့်ရှောက်လျက်ရှိသည့်ချောင်းမကြီး ရေလှောင်တမံကို တွေ့ရစဉ်။**

ဓာတ်ပုံမှတ်တမ်း- သိန်းဝင်းလေး(မြန်မာ့အလင်း)

# မြန်မာနိုင်ငံ၌ ဝက်သက်ရောဂါ ကင်းဝေးရေး မဟာဗျူဟာလေးရပ်ချမှတ်လျက်ရှိ ရောဂါဖြစ်ပွားခဲ့သူ ၅၀ ရာခိုင်နှုန်းကျော်မှာ အသက်ငါးနှစ်အောက် ကလေးများဖြစ် ကာကွယ်ဆေး တိုက်ကျွေးခြင်းဖြင့် ကလေးများ၏ကျန်းမာရေး တိုးတက်အောင်ဆောင်ရွက်

# အသက်ကိုးလမှ ငါးနှစ်အောက် ကလေးခုနစ်သန်းကျော် ကာကွယ်ဆေးထိုးနှံသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေးစီမံချက်(၂၀၀၇) ဗဟိုလုပ်ငန်းဦးစီးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုလုပ်ငန်းဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

***စာမျက်နှာ ၁၀ ကော်လံ ၁*** ●



# နေပြည်တော်ရှိ ရုံးများနှင့် ဝန်ထမ်းများအား သောက်သုံးရေ ဖြန့်ဝေပေးနိုင်သည့်အပြင် စိုက်ပျိုးမြေဧက ၁၅၀၀ ကျော်အတွက် အကျိုးပြုမည့် ချောင်းမကြီးတမံမှ နှစ်နှစ်စာရေသိုလှောင်ထားရှိ

သတင်းမြင်ကွင်း - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေပြု၍ စီးပွားရေး တိုးတက်အောင် ဆောင်ရွက်နေသည့် နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံတစ်ဝန်းတွင် စိုက်ပျိုးရေအသုံးပြုနိုင်ရန် ရေလှောင်တမံများကို တည်ဆောက်လျက်ရှိသည်။ ပြည်နယ်နှင့်တိုင်းအလိုက် တည်ဆောက်ခဲ့သော ရေလှောင်တမံများတွင် ယခုနှစ် မိုးရာသီ၌ မိုးကောင်းသည့်အလျောက် ရေများ ပြည့်လျှံအောင် သိုလှောင်ထားနိုင်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသနှင့် မြောက်ပိုင်းဒေသတို့တွင်လည်း မုတ်သုံလေဆုတ်ခွာသွားသည့်နောက်ပိုင်း တောင်တရုတ်ပင်လယ်တွင် မုန်တိုင်းများ ဖြစ်ပေါ်ခြင်းကြောင့်

***စာမျက်နှာ ၉ ကော်လံ ၅*** ✡